"လှုပ်ရှားမှုဟာ ပြည်သူလူထုကြီးနဲ့ ပေါင်းစပ်နိုင်ရင်
အပြောင်းအလဲ တစ်ရပ်ကို သယ်ဆောင်နိုင်တယ်။
ပြည်သူလူထု မပါဘဲနဲ့ မြန်မာနိုင်ငံရေးဟာ
အပြောင်းအလဲတစ်ရပ်ကို လုပ်ဖို့ မဖြစ်နိုင်ဘူး ဆိုတဲ့ ...

# ကျောင်းနံရံမှမော်ကွန်းများ

(တောင်လုံးပြန်)

mgyoe.com

"လှုပ်ရှားမှုဟာ
ပြည်သူလူထုကြီးနဲ့ ပေါင်းစပ်နိုင်ရင်
အပြောင်းအလဲ တစ်ရပ်ကို
သယ်ဆောင်နိုင်တယ်။
ပြည်သူလူထု မပါဘဲနဲ့
ပြန်ဟန်နိုင်ငံရေးဟာ
အပြောင်းအလဲတစ်ရပ်ကို
လုပ်ဖို့ မဖြစ်နိုင်ဘူး
ဆိုတဲ့ ... ..."

WIN MYINT ၀၉

mgyoe.com

mgyoe.com SAMPLE BOOK


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် = မေလ၊ ၂၀၁၃ ခုနှစ်။
ကံ့ကော်ဝတ်ရည်စာပေ

အုပ်ရေ = ၅၀၀

မျက်နှာဖုံးပုံနှိပ် = ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက်
၉၆/ခ၊ (၁၁) လမ်း၊ လမ်းမတော်၊
ရန်ကုန်မြို့။

အတွင်းပုံနှိပ် = စွယ်တော်ပုံနှိပ်တိုက်
အမှတ် (၁၄၇)၊ (၅၁) လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ = ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ
၅၁၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း = ဝင်းမြင့်ဦး

တန်ဖိုး = ၂၅၀၀ ကျပ်

၈၉၅.၈၃
မာန်(တောင်လုံးပြန်)
ကျောင်းနံရံပေါ်မှ မော်ကွန်းများ/ မာန်(တောင်လုံးပြန်)။ - ရန်ကုန်။
ကံ့ကော်ဝတ်ရည်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်။
စာမျက်နှာ-၂၅၆၊ ၁၃×၂၀ စင်တီမီတာ။
(၁) ကျောင်းနံရံပေါ်မှ မော်ကွန်းများ


mgyoe.com

mgyoe.com SAMPLE BOOK

# ကျောင်းနံရံမှ မော်ကွန်းများ

## မာန် (တောင်လုံးပြန်)

ကံ့ကော်ဝတ်ရည်စာပေ

အမှတ်-၂၂၊ မဟာဓေယျူလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၉၆၅၈၀၊ ၀၉-၅၁၂၇၄၉၃
email: kantkawwutyee@gmail.com

http://kantkawwutyee.myanmaronlinesales.com
တွင် ဝင်ရောက်ကြည့်ရှု မှာယူနိုင်ပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* အမှာစကား ၉

သတင်း

အပိုင်း (၁)

နယ်ချဲ့ခေတ်ကျောင်းသားလှုပ်ရှားမှုများ ၁၄
ကျောင်းသားသမဂ္ဂ ၁၆
(၁၃၀၀) ပြည့် အရေးတော်ပုံ ၁၇
ကျောင်းသားခေါင်းဆောင်တို့ လှုပ်ရှားပြီ ၁၉
လယ်သမားထုကြီးပါလာလေပြီ ၂၀
အတွင်းဝန်ရုံးကို ဝိုင်းသည့် ကျောင်းသားထု ၂၁
ကိုအောင်ကျော် သွေးမြေကျပြီ ၂၁
မန္တလေးမှ အာဇာနည် ၁၇ ဦး ၂၂

အပိုင်း (၂)

မဆလခေတ် ကျောင်းသားလှုပ်ရှားမှုများ ၂၃
ဦးနေဝင်း ၂၄
မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ၂၇
ကျောင်းသားလှုပ်ရှားမှုများ ၂၈
ဦးသန့်အရေးအခင်း ၂၉
၁၂ နှစ်စာဒဏ်ရာ ၃၄
အာဏာပိုင်များဘက်မှ တုံ့ပြန်ချက် ၃၉
လူထု၏ တုံ့ပြန်မှု ၄၀

အပိုင်း (၃)

တက္ကသိုလ်ပရဝဏ်ဆီမှ တငွေ့ငွေ့ဒဏ်ရာများ ၄၄
ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခြင်း (၁၉၈၈၊ မတ် ၁၃) ၄၇


mgyoe.com

mgyoe.com

အပိုင်း (၄)
တံတားနီမော်ကွန်း ၅၂
တံတားနီအမှတ်တရ ၅၆
မြေနီကုန်းအရေးအခင်း ၅၈
၁၉၈၈၊ ဇွန်လ ၂၁ ၆၀
အထက်တန်းကျောင်းသားများ၏ လှုပ်ရှားမှုများ ၆၄

စကား

အပိုင်း (၁)
၁၉၈၈၊ ရှစ် လေးလုံးအရေးအခင်း ၆၈
ဦးစိန်လွင် သမ္မတဖြစ်လာခြင်း ၇၀
ဦးမောင်မောင် သမ္မတဖြစ်လာခြင်း ၇၃
ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးခြေလှမ်း ၇၅
ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်းရေးမိန့်ခွန်း ၇၆
ဦးနေဝင်း၏ နောက်ဆုံးမိန့်ခွန်း ၈၄
စက်တင်ဘာလူသတ်ပွဲများ ၉၁
ကိုယ်တွေ့ကြုံရသူတစ်ဦး၏ တင်ပြချက် ၉၂
မိုးသီးဇွန်၏စကား ၉၄
ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာပြည်မှ ပေးစာအမှတ် (၃၀) ၉၅

အပိုင်း (၂)
၈၈ အလွန် ကျောင်းသားလှုပ်ရှားမှုများ ၁၀၀
ကိုဖြိုးမင်းသိန်းနှင့် ကိုဝင်းတင့်ထွန်းတို့၏ ပြောပြချက် ၁၀၁
ခင်ငြိမ်းသစ် ၁၀၄

နှလုံးသား

အပိုင်း (၁)
ထောင်တွင်းကျောင်းသားလှုပ်ရှားမှုများ ၁၁၂
ဆရာမျိုးမြင့်ညိမ်း ၁၁၃

mgyoe.com

ရုံးတော်ကလည်း အမျက်တော်ရှသည် ၁၃၂
လချီထောင်ဝင်စာပိတ်ပင်မှု ၁၃၃
မသင်းသီရိ/ကိုဘိုကြည် ၁၃၃
ရှင်သန်နေသော အားမာန်များ ၁၃၆

## ၈၈ မျိုးဆက်သစ်တို့၏ ပုံရိပ်များ

* မင်းကိုနိုင် ၁၄၂
မင်းကိုနိုင် အင်တာဗျူးများ ၁၄၉
မရှိခဏ ၁၅၈
သစ္စာ ၁၅၉
ကြယ်ကြွေသတို့သား ၁၆၀
မင်းကိုနိုင် (သို့မဟုတ်) သံမဏိခွပ်ဒေါင်းနီ ၁၆၃
ဒေါက်တာစင်သီယာမောင်၏ပေးစာ ၁၆၅
ဒေါ်အောင်ဆန်းစုကြည်၏ အမှာစကား ၁၇၁
မင်းကိုနိုင် (သို့မဟုတ်) သက်ရှိကျောင်းသားသမဂ္ဂ ၁၇၅
ဒေါ်စုပြောသည့် မင်းကိုနိုင်၏ ၄၉ နှစ်ပြည့်မွေးနေ့မှစကား ၁၈၄
ကိုသက်ဦးပြောသည့် မင်းကိုနိုင်၏ ထူးခြားတဲ့စိတ်ဓာတ်တွေ ၁၈၅
မင်းကိုနိုင်၏ ဒီမိုကရေစီ ကြိုးဖြတ်ခရီးရှည် ၁၈၆
* ကိုကိုကြီး ၁၉၁
ထောင်တွင်းမှ မွေးနေ့ရှင် ကေကျူ ၁၉၅
ကိုကိုကြီး အင်တာဗျူးများ ၁၉၇
* ငွေးကြွယ် ၂၁၈
တံတားနီလှုပ်ရှားမှု ၂၁၉
ကိုငွေးကြွယ်၏ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးထံသို့ ပေးစာ ၂၂၃
ကုလသမဂ္ဂရုံးရှေ့မှ ဒီမိုကရေစီ ဆင်နွှဲနေသူများသို့ ၂၂၉
ထောင်ထဲမှ သူ မြင်သည့် နိုင်ငံရေးအမြင် ၂၃၁
ကိုငွေးကြွယ်နှင့် အင်တာဗျူးများ ၂၃၃
ကိုငွေးကြွယ် ဘယ်လိုလုစားလဲ ၂၄၃
၈၈ မျိုးဆက် ကျောင်းသားများ၏ သဘောထား ထုတ်ပြန်ချက် ၂၅၅

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# အမှာစကား

ကျွန်တော် ဆရာဇန်းမော်တင်အောင်ကို သိပ်အားကျမိသည်။ သူ့စကားတစ်ခွန်းကြောင့် ကျွန်တော့်မှာ ဗျာများခဲ့ရသည်။ ခက်နေသည်က သူ့စကားကို ပင်လျှင် ကျွန်တော် စာပေနယ်သို့ ခြေစုံပစ်ဝင်ချိန်မှစ၍ လေးစားမြတ်နိုးစွာ ထမ်းပိုးနေမိခြင်းပင်။

ယခု ဤစာအုပ်သည်လည်း မိမိ ဖြတ်သန်းနေသော သမိုင်းပေးတာဝန်ကို နိုင်သမျှ ဝင်ထမ်းပိုးကြည့်ခြင်းသာ ဖြစ်သည်။ ပြောရသည်ကား တစ်ကြောင်းတည်း။ တကယ် လုပ်ခဲ့ရသည်ကား ဘုရား တရသည်အထိ ပင်ပန်းခဲက်ခဲပေစွ။ ဦးစွာ ဤစာအုပ် စတင်ပြုစုစဉ်မှစ၍ တစ်လလျှင် တစ်သိန်းလေးသောင်းလစာ ရရှိနေသော ငွေသော်တာစာအုပ်တိုက် တာဝန်ခံအယ်ဒီတာဘဝကို စွန့်ခဲ့ရသည်။ အလုပ်က ထွက်ခဲ့ခြင်း ဖြစ်သည်။ စာအုပ်တိုက်က ကျွန်တော့်အပေါ် အချိန်ပြည့် အလုပ်မဆင်းလျှင်နေ၊ အချိန်ပိုင်းသာ ဆင်းပါဟု လိုက်လျောပါလျက် မိမိဝန်ကို မိမိ စိတ်တိုင်းကျ ရှန်းရမည့် သိစိတ်ဖြင့်ပင် အလုပ်မှ ထွက်ခဲ့သည်။ သတင်းအချက်အလက်များ၊ မှတ်စုများ၊ ကိုးကားချက်များ၊ ပုံရိပ်လွှာများ၊ သမိုင်းစာအုပ်များကို ထိုအလုပ်ထဲမှာပင် တော်တော်ကြီး စုမိဆောင်းမိပါသည်။ အထူးကျေးဇူးတင်ရမည့်သူမှာ ဤစာအုပ် စတင်ပြုစုချိန်မှာကတည်းက ထုတ်ချင်ပါသည်ဟု အားပေးကာ စရန်ငွေပင် ထုတ်ပေးခဲ့သော ဆရာဟိန်းလတ်၏ အားပေးမှုပင် ဖြစ်သည်။ ကျွန်တော် တွက်ကိန်းလွဲခဲ့ပါသည်။ ဤစာအုပ်ကို အကြမ်းထည် ပြုစုပြီးချိန်တွင် မိတ်ဆွေတစ်ဦးထံ အကူအညီ

mgyoe.com

mgyoe.com  SAMPLE BOOK 

တောင်းမိသည်။ သူကတစ်ဆင့် ပြည်ပမီဒီယာအဖွဲ့နှင့် စကားပြောဖြစ်သည်။ သူတို့က ကျွန်တော့်စာအုပ်ကို ထုတ်ဝေလိုစိတ် မရှိ။ သိပ်လည်း အထင်မကြီးကြပေ။ ထိုအချိန်အထိ ဆရာဟိန်းလတ်က လက်ကမ်းနေဆဲပင်။ ကျွန်တော် အလုပ်က ထွက်မည် ဆိုတော့လည်း တားမြစ်ပါသည်။ သူနှင့် ကျွန်တော် ထုတ်သင့်ပါလျက် ကျွန်တော့်စာအုပ်များကို ထုတ်ပေးနေသော ကံ့ကော်ဝတ်ရည် တိုက်သို့ ပေးလိုက်မိသည်။

လူထုက အာဏာရှင် လက်အောက်တွင် နိုင်ငံရေးကို ကြောက်သလို၊ ကျွန်တော်လည်း ကြောက်သည်။ အကြောက်၌ နှစ်မျိုး ရှိသည်။ မကျေမနပ် ကြောက်ခြင်းနှင့် ကျေနပ်စွာ ကြောက်ခြင်းတို့ပင်။ ငရဲ၊ အကုသိုလ်၊ ဒုစရိုက် စသည်တို့ကို ကျွန်တော်တို့ ကျေနပ်စွာ ကြောက်သည်။ အာဏာရှင်တို့၏ နိုင်ငံရေး စနစ်ကိုမူ မကျေမနပ် ကြောက်သည်။ ဘာကျေနပ်စရာ ရှိပါမည်နည်း။ ကျွန်တော်တို့ ရေးထုတ်ခဲ့သမျှ စာအုပ်အများစုသည် အနီဆောင် ရုံးတော်ကြီး စိစစ်ရေး ဌာနမှ ခေါ်ယူ သတိပေး ဖြတ်တောက်မခံရသည့် စာအုပ်က အရှားသား။

ယခု စာအုပ်သည် နိုင်ငံရေးသမား မဟုတ်သော သာမန်စာပေသမား တစ်ဦးအနေဖြင့် သမိုင်းတာဝန်တစ်ရပ်တော့ ပခုံး ဝင်ထမ်းဦးမှဟူသော အတွေးဖြင့် ဝင်ရေးခြင်းသာ ဖြစ်သည်။ ခံစားချက် ပါသည်။ ဘက်လိုက်မိသည်။ အားနည်းချက်၊ ချို့ယွင်းချက်များ ရှိသည်။ သို့သော် ကျွန်တော် ကြိုက်သည်။ ဤသည်ကား စာရေးသူတစ်ဦးအဖို့ အတော်ပြောရမလွယ်သော ကိစ္စ ဖြစ်သည်။ သို့ရာတွင် တခြားစကားလုံး ရွေးဖို့ မလွယ်။ ဤစာအုပ်ကို အသွေးအသား ထဲက ကိုယ်တိုင် ကြိုက်သည်ဟုသာ ပြောပါတော့မည်။ သို့ရာတွင် ပြည့်စုံသော စာအုပ်တစ်အုပ်တော့ မဟုတ်သေး။ ရေးဖွဲ့ရဦးမည့် ကျောင်းသား ကျောင်းသူများစွာ ကျန်နေရစ်သည်။ ကျွန်တော်လည်း လက်ပန်းကျသလို၊ စာအုပ် မထွက်နိုင်သည့်အပေါ် အတော်ပင် စိတ်ဓာတ်ကျမိပါသည်။ အချိန်ကောင်းတွင် ရေးဖွဲ့ခဲ့ပါလျက် အခါကောင်းတွင် မထုတ်နိုင်ခဲ့။ ထိုစိတ်ဖြင့်ပင် တခြားသော အရေးပါအရာရောက်သူများအကြောင်း ဆက်လက်မပြုစုနိုင်သေး။ စိတ်ဓာတ် ထပ်တင်း၍ မဖွင့်နိုင်သေး။ ကိုမာကီ၊ ကိုပြုံးချို၊ ကိုမင်းဇေယျ၊ ကိုမြအေး၊ ကိုကျင်မီ၊ ကိုဘောင်းဘောင်း၊ ကိုသက်ဇော်၊ ကိုဖိုးတုတ်၊ ကိုလှမျိုးနောင်၊ မမီးမီး၊ မနီလာဝင်း၊ စသည် စသည်တို့အကြောင်း အများကြီး အများကြီး ရေးဖို့ လိုအပ်နေသေးသည်။ သူတို့ ရုန်းကန်ခဲ့သည်က အများကြီး။ မှတ်တမ်းတွေ

mgyoe.com

ရှာရမည်။ သူတို့ ဝန်းကျင်မှ စကားသံတွေ စုစည်းရမည်။ လူထု အမြင်တွေ ရှာဖွေရမည်။

ဤစာအုပ်၏ သီးခြားရည်ရွယ်ချက်မှာ လူငယ်များ စံပြပုဂ္ဂိုလ် ပျောက်ဆုံးနေမှုများအား တစ်စိတ်တစ်ပိုင်း အထောက်အကူပြုစေရန်နှင့် လွတ်လပ်ရေးတိုက်ပွဲဝင်ကာလမှ ယနေ့ထိ မြန်မာ့နိုင်ငံရေးစာမျက်နှာတွင် ကျောင်းသားတို့၏ အရေးပါမှုကို သက်သေပြလို၍ ဖြစ်ပါသည်။ စင်စစ် ဒီကနေ့ စာပေနယ်မှ တချို့သော လူရွယ်များပင်လျှင် ကျောင်းသားနိုင်ငံရေး လှုပ်ရှားမှုများကို မသိကြ။ စိတ်မဝင်စားကြ။ အထင်မကြီးနိုင်ကြ။ ကိုယ့်ကိုယ်ကိုယ်သာ အထင်မြင့်နေကြသည်ကော။ မြန်မာနိုင်ငံတွင် နိုင်ငံရေး သောင်သာမှု ဖြစ်ပေါ်လေသည့်အခါတိုင်း အရင်ဆုံး မေ့ပစ်ခံရသည်မှာ ရဟန်းသံဃာနှင့် ကျောင်းသားထုပင် ဖြစ်သည်။ နိုင်ငံရေးမုခ်ဦးတွင် ဝင်ရပ်လေသူတိုင်း မေ့ရိုးမေ့စဉ် မေ့လိုက်ကြသည်မှာ အံ့အားသင့်ဖွယ်ရာတည်း။ နိုင်ငံရေးသမား မဟုတ်သော ကျွန်တော်တို့က မမေ့။ မမေ့ရာမှ တာဝန်ဟု ယူဆကာ ဤစာအုပ်ကို ရေးမိသည်။ ရေးပြီးတော့ အရှိန်က မသေ။ တော်လှန်ရေးကာလအတွင်း စစ်အာဏာရှင်တို့ လက်ချက်ဖြင့် ဘဝပျက်ခဲ့ကြသော မထင်မရှား နိုင်ငံရေးလှုပ်ရှားသူများနှင့် သူတို့ မိသားစုများ၏ နောက်ကွယ်ဘဝများကို စုစည်းကာ 'တော်လှန်ရေးကြီးပြီးတဲ့အခါ' စာအုပ်တစ်အုပ် ရေးမိသည်။ နောက်ထပ် နိုင်ငံရေးရှုထောင့် ဆောင်းပါးများ ရေးမိသည်။ ထိုဆောင်းပါးစာစုကိုတော့ ဆရာဟိန်းလတ်က ထုတ်ဝေခဲ့သည်။ 'နိုင်ငံရေးဆိုတာ နိုင်တဲ့သူတွေ ရေးတာ' ဟူသော ဆောင်းပါးကို ခေါင်းစဉ်တပ်ထားသည်။

တစ်ခု ပြောလိုသည်မှာ ဒါတွေ ရေးနေသော်ငြား ကျွန်တော် နိုင်ငံရေးသမား မဖြစ်နိုင်။ ခံစားချက်ဖြင့် ရေးနေသော စာပေသမားအဖြစ်ပင် ရှိနေသေးသည်။ ခံစားချက်ကိုသာ ဦးစားပေးလေ့ရှိသော စရိုက်ဗီဇကြောင့်ပင် ကျွန်တော် နိုင်ငံရေးသမား ဖြစ်လိမ့်မည် မဟုတ်။ အာဏာရှင် ကြီးစိုးစဉ်က နိုင်ငံရေးသမား ဖြစ်ရမှာကို မကျေမနပ် အကြောက်စိတ်ဖြင့် ကြောက်ခဲ့မိသည်။ ယနေ့ကာလတွင် နိုင်ငံရေးသမား ဖြစ်ရမှာကို ကိုယ်မဖြစ်နိုင်သည့် ဗီဇစိတ်ဖြင့် ကျေကျေနပ်နပ် ကြောက်မိသည်။ သာမန် ပြည်သူထဲက သာမန်စာပေသမား ဘဝကို စွဲမက်မြတ်နိုးစိတ်ဖြင့်ပင် နိုင်ငံရေးသမား ဖြစ်သွားမှာကို ကြောက်မိနေတော့သည်။ ခါတော်မီ နိုင်ငံရေးသမား လုပ်ရသည်ထက် ရေးစရာရှိသမျှ

mgyee.com

.mgyoe.com SAMPLE BOOK

ရေးနေရခြင်းက ပို၍ထိရောက်မည်ကို မလွဲမသွေ သိနေသည်။ ပို၍လွတ်လပ်သည်။ အားရကျေနပ်သည်။

ဤစာအုပ်တွင် ကိုးကားဖော်ပြခဲ့သော စာများ၊ အင်တာဗျူးများ၊ စကားရပ်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသော ကာယကံရှင်များအနေဖြင့် တိုက်ရိုက်ကန့်ကွက်နိုင်ပါသည်။ ကာယကံရှင်များ စိတ်ကျေနပ်သည်အထိ လိုက်လျောပေးမည်ဟု ကျွန်တော် လေးလေးနက်နက် ကတိပြုပါသည်။ တချို့သော ကောက်နုတ်ဖော်ပြချက်များသည် ကျွန်တော့် အငှားဝင်ရေးသည်ထက် ကာယကံရှင်များ တိုက်ရိုက်ခံစား ရေးဖွဲ့ထားသည်က ပို၍တန်ဖိုးရှိလှသည်ဖြစ်၍ တိုက်ရိုက်ဖော်ပြရခြင်း ဖြစ်ပါသည်။ မည်သည့်မီဒီယာမှ ကိုးကားသည်ကို ဖော်ပြထားပါသည်။ တချို့သော ဘာသာပြန်စာမျက်နှာများတွင် ချို့ယွင်းအားနည်းချက်များ ပါရှိခဲ့သော် ကျွန်တော်၏ အားနည်းချက်သာ ဖြစ်ပါသည်။ ဝက်ဘ်ဆိုက် စာမျက်နှာပေါင်း နှစ်ရာကျော်နှင့် စာအုပ်စာစောင်အသီးသီးတို့မှ ရွေးချယ်စုစည်း တင်ဆက်ထားသည့်အတွက် ဤစာအုပ်သည် ကျွန်တော် တစ်ဦးတည်းပိုင် မဟုတ်။ ရှထောင့် အသီးသီးမှ ရေးဖွဲ့သူများ၏ အခွင့်အရေးကို ကျွန်တော် အထူးပင် အလေးထားပါသည်။ ထို့အတူ ဤစာအုပ်၏ အားနည်းချက်များအတွက် အားနာမိပါသည်။ (ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့) ပခုံးပေါ်မှ ဝန်တစ်ခုတော့ ကျသွားလေပြီ။

လေးစားစွာဖြင့်
မာန်(တောင်လုံးပြန်)
manntaunglonepyan@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

# သတင်း

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း-၁

## နယ်ချဲ့ခေတ် ကျောင်းသားလှုပ်ရှားမှုများ

ယနေ့ မျက်မှောက်ခေတ် မြန်မာကျောင်းသားတို့၏ အမျိုးသားရေး လှုပ်ရှားမှု၊ နိုင်ငံရေးလှုပ်ရှားမှုများသည် အမိမြန်မာနိုင်ငံကြီး ဗြိတိသျှအင်ပါယာ လက်အောက်သို့ ကျရောက်နေသော အခါသမယဆီက နယ်ချဲ့အစိုးရကို ဖီဆန်ခဲ့ကြသော မြန်မာကျောင်းသားတို့၏ အမျိုးသားရေး လှုပ်ရှားမှုများမှ မြစ်ဖျားခံခဲ့သည်ဆိုလျှင် မှားအံ့မထင်။

၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်ယူနီဗာစီတီတက္ကသိုလ်အား အိန္ဒိယနိုင်ငံ ကာလကတ္တားတက္ကသိုလ်အုပ်ချုပ်ရေး၏ လက်အောက်မှ ခွဲထုတ်ပြီး မြန်မာနိုင်ငံ ပညာရေးဆိုင်ရာ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့တစ်ခု ဖွဲ့စည်းထူထောင်စေခဲ့သည်။

ယင်းတက္ကသိုလ်အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်ကြေညာသော ကြေညာချက်အရ အမျိုးသားပညာရေးကို ဖိနှိပ်သည့် အချက်အလက်များ ပါဝင်နေသည့်အတွက် ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်မှ ကျောင်းသားတို့ ခေါင်းဆောင်၍ သပိတ်မှောက်ကာ ကျောင်းထွက်ခဲ့ကြလေသည်။ တခြားသော မစ်ရှင်

mgyoe.com

ကျောင်းများကလည်း ထောက်ခံအားပေးလျက် ကျောင်းသူ၊ ကျောင်းသားပေါင်း မြောက်မြားစွာတို့ သပိတ်မှောက်ရာ၌ ပါဝင်ခဲ့ကြပါသည်။

ထိုသပိတ်မှ အစပြု၍ အမျိုးသားကျောင်းများ ပေါ်ပေါက်လာခဲ့ပြီး ကောလိပ်ကျောင်းထွက် ကျောင်းသားဟောင်းအချို့နှင့် ပညာတတ်များ ပူးပေါင်းကာ အင်္ဂလိပ်စာကို သင်ကြားပို့ချခဲ့ကြသည်။

မြန်မာတစ်ပြည်လုံး အတိုင်းအတာအနေဖြင့် National High School အမျိုးသားအထက်တန်းကျောင်းများ ၅၀ ကျော်အထိ ဖြစ်ပေါ်လာကြပါသည်။ ထိုကျောင်းများကို အင်္ဂလိပ်အစိုးရက အသိအမှတ်ပြုရုံသာပြုလျက် ကျောင်း၏ အထွေထွေကုန်ကျစရိတ်ကို တာဝန်မယူခဲ့ပေ။ အမျိုးသားကျောင်းများမှ ကျောင်းဆရာများသည် ခက်ခဲပင်ပန်းစွာဖြင့် ရပ်တည်ခဲ့ကြရသည်။ ထိုအမျိုးသားကျောင်းများသည် နောင်တွင် တိုင်းပြည်ခေါင်းဆောင်များကို မွေးထုတ် ပေးနိုင်ခဲ့ပါတော့သည်။

ထို့ကြောင့် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို ပြန်စောင်းငဲ့ကြည့်မည်ဆိုလျှင် ၁၉၂၀၊ တက္ကသိုလ်အက် ဥပဒေကို မကျေနပ်၍ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေကျင်ကျောင်းတိုက်၊ ဆရာတော် ဦးအရိယကျောင်း၌ ကောလိပ်ကျောင်းသူကျောင်းသားများ စည်းဝေးပွဲတစ်ရပ် ကျင်းပပြီးနောက် တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် တညီတညွတ်တည်း ဆုံးဖြတ်ခဲ့ကြလေသည့် နေ့တစ်နေ့ကား အရေးပါလှပေသည်။

ထိုနေ့သည်ကား ၁၉၂၀၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့ အဖြစ် လည်းကောင်း၊ ယခုအခါ အမျိုးသားနေ့အဖြစ် လည်းကောင်း အထင်ကရ သတ်မှတ်ခဲ့ကြသည့် နေ့ထူးနေ့မြတ် ဖြစ်သလို ကျောင်းသားလှုပ်ရှားမှု၏ သမိုင်း စာမျက်နှာအဖွင့်လည်း ဖြစ်ပါတော့သည်။

ပထမအကြိမ် ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားသပိတ်ကြီး၌ ဦးဆောင်ဦးရွက်ပြုခဲ့ကြသော နောင်တော် ကျောင်းသားကြီး ၁၁ ဦး၏ အမည်စာရင်းသည် လွတ်လပ်ရေးရပြီး ၁၉၇၀ ပြည့်နှစ် (နှစ်-၅၀) ကြာမြင့်သော အခါကာလတွင် အမျိုးသားနေ့ ရွှေရတုအဖြစ် ရွှေတိဂုံစေတီတော်၏ ရင်ပြင်တော် စနေထောင့်၌ ကျောက်စာတိုင် စိုက်ထူကာ ကမ္ပည်းမော်ကွန်း ရေးထိုးနိုင်ခဲ့တော့သည်။ ထိုနေရာသည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော် အခါသမယဆီတွင် ရန်ကုန်ကောလိပ်ကျောင်းသားကြီး ၁၁ ဦးတို့ တွေ့ဆုံ၍

mgyee.com

mgyoe.com

တက္ကသိုလ်အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုခဲ့သော သမိုင်းဝင် နေရာမြတ် ဖြစ်တော့သည်။

ယင်းနောင်တော် ကျောင်းသားကြီး ၁၁ ဦးမှာ–

(၁) ဘခင်၊ (၂) ဘိုးကွန်း၊ (၃) ဘဦး၊ (၄) အောင်ဒင်၊ (၅) ထွန်းဝင်း၊ (၆) ဖေသိန်း၊ (၇) ဘရှင် (သံတွဲ)၊ (၈) ဘရှင်(ထားဝယ်)၊ (၉) ကေ–ညီပိတ်၊ (၁၀) လှတင်၊ (၁၁) မောင်ဇေ တို့ ဖြစ်ကြပါသည်။

စင်စစ် ထိုခေတ် ထိုအခါသည်ကား ကောလိပ်ကျောင်းသား၊ တက္ကသိုလ် ကျောင်းထွက်၊ ပညာတတ် ဟူသော ဝေါဟာရသည် ရှားပါး အဖိုးတန်လှပြီး အလွန်ပင် အခွင့်ထူးတို့ ပြည့်နှက်နေသော ရွှေရောင်အနာဂတ်၏ အဖိုးတန် မှတ်ကျောက်များ ဖြစ်ကြသည်။ တက္ကသိုလ် တက်နိုင်ဖို့ ဆိုသည့် အခွင့်အရေး သည် ရခဲပေစွ ဒုလ္လဘပေကိုး။ ကျောင်းပြီးသည်နှင့် အစိုးရအုပ်ချုပ်ရေးယန္တရား အတွက် သက်သောင့်သက်သာ ဝင်ရောက်အမှုထမ်းကာ အရာရှိ အရာခံ ဖြစ်စေ၊ မိဘ ချမ်းသာလျှင် ကြီးမြတ်သော နောက်ခံဘွဲ့တစ်ဘွဲ့ ဖြစ်စေ၊ လက်ဝယ်ပိုက်၍ ငြိမ့်ငြိမ့်ညောင်းညောင်း အနေသာသော အခါကာလပင်။ ထိုသို့သော ရွှေရောင် အနာဂတ်လမ်းကို စွန့်ပယ်၍ အဆင့်အတန်း ခွဲခြားထားသည့် တက္ကသိုလ် ပညာရေး ဥပဒေကို ရဲရဲဝံ့ဝံ့ သပိတ်မှောက်ကာ မြန်မာတစ်မျိုးသားလုံးအတွက် အမျိုးသားအထက်တန်းကျောင်းများ ဖြစ်ပေါ်ရန် ကြိုးပမ်းခဲ့ကြသော နောင်တော် ကျောင်းသားကြီးများ၏ သမိုင်းစေတနာသည် မျက်မှောက်ခေတ်အထိ ပျံ့နှံ့ သက်ရောက်နေသည်ကို မည်သူမျှ မငြင်းပယ်နိုင်တော့ချေ။

## ကျောင်းသားသမဂ္ဂ

'ကျောင်းသားရှိရင် ကျောင်းသားသမဂ္ဂ ရှိရမည်' ဟူသော ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်၏ ပြောင်မြောက်ထိရောက်သော စကား တစ်ခွန်းသည် သမိုင်းကြောင်းကို အမှီသဟဲပြု၍ ထွက်ပေါ်လာသော စကား တစ်ခွန်း ဖြစ်ပါသည်။

ကျောင်းသားသမဂ္ဂ ဟူသည် လွန်ခဲ့သော နှစ်ပေါင်း ခြောက်ဆယ်ကျော် ကပင် တရားဝင်ပေါ်ပေါက်ခဲ့သော အဖွဲ့အစည်းတစ်ရပ် ဖြစ်ပါသည်။

ရှေ့၌ ဆိုခဲ့သလို ၁၉၂၀ တွင် ပထမကျောင်းသားသပိတ်ကြီး ပေါ်ပေါက် ခဲ့သည့် နောက်ဆက်တွဲ ရလဒ်အဖြစ် အမျိုးသားကျောင်းများ ဖွင့်လှစ်နိုင်ခဲ့ကြ

mgyoe.com

SAMPLE BOOK


တော့သည်။ ထိုအမျိုးသားကျောင်းများမှတစ်ဆင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ပြည့်ဝ၍ နိုင်ငံရေးအသိ နိုးကြားသော တက္ကသိုလ်ကျောင်းသားများ ပေါ်ထွက် လာခဲ့ကြပါသည်။ သမိုင်းသည် မရပ်၊ ဆက်၍ စီးဆင်းမြဲဟူသော ဝေါဟာရ သည် ပထမကျောင်းသားသပိတ်ကြီး ပေါ်ပေါက်ပြီး ၁၆ နှစ် ကာလအကြာ၊ ၁၉၃၆ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ ပေါ်ထွန်းလာခြင်းဖြင့် သက်သေခံလေပြီ။

ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂအား အများက ရွေးချယ် တင်မြှောက်ခဲ့ကြသည့် ကျောင်းသားအမှုဆောင် ၉ ဦးဖြင့် ဖွဲ့စည်းလိုက်ကြရာ တွင် ဝံသာနုကျောင်းသားများ ပါဝင်လာခဲ့တော့သည်။

| | | |
|---|---|---|
| ၁။ | ကိုနု | ဥက္ကဋ္ဌ |
| ၂။ | မစ္စတာရာရှစ် | ဒု-ဥက္ကဋ္ဌ |
| ၃။ | ကိုသိန်းဟန် | အတွင်းရေးမှူး |
| ၄။ | ကိုအုန်း | ငွေထိန်း |
| ၅။ | ကိုထွန်းအုပ် | စာကြည့်တိုက်မှူး |
| ၆။ | ကိုဘဆက် | အားကစား |
| ၇။ | ကိုအောင်ဆန်း | အိုးဝေစာတည်း |
| ၈။ | ကိုသာလှ | နိုင်ငံခြား |
| ၉။ | ကိုထွန်းတင် | ပေါင်းသင်းဆက်ဆံရေး |

ဟူ၍ အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းပြီး ထိုကျောင်းသားသမဂ္ဂသည် နယ်ချဲ့ အစိုးရ၏ အုပ်ချုပ်ရေးယန္တရားကြီးကို တက္ကသိုလ်ပရဝဏ်မှပင် သန္ဓေပြုကာ စတင်ကိုင်လှုပ် ခြိမ်းခြောက်ပါတော့သည်။

## ၁၃ဝဝ ပြည့် အရေးတော်ပုံကြီး

အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံလူတန်းစား နှစ်ရပ်သည် တရားမျှတခြင်းနှင့် မတရား ဖိနှိပ်ချုပ်ချယ်ခြင်းအပေါ်တွင် အမှီသဟဲပြုကာ အစဉ်သဖြင့် အပြန် အလှန် ဆက်ဆံကြရသည်မှာ ရှေးပဝေသဏီကတည်းကပင် ဖြစ်တော့သည်။

အုပ်ချုပ်သူဘက်မှ တရားမျှတခြင်းကို မကျင့်သုံးပါလျှင် အုပ်ချုပ်ခံ လူတန်းစားက တော်လှန်ထကြွမည်မှာ မလွဲပေ။ သမိုင်းရေအလျဉ်ဆက်၌ ဤသို့သော တော်လှန်ထကြွမှုပေါင်း မရေမတွက်နိုင်အောင် ရှိခဲ့ပြီးလေပြီ။

mgyue.com

mgyoe.com SAMPLE BOOK

နယ်ချဲ့အင်္ဂလိပ်လက်ထက်ဆီက ဖြစ်ပေါ်ခဲ့သော သပိတ်မှောက် ဆန္ဒပြမှုများအနက် မြန်မာပြည်တွင် ၁၃၀၀ ပြည့်နှစ်က ပေါ်ပေါက်ခဲ့သော မဟာသပိတ်မှောက်မှုကြီးသည် အင်္ဂလိပ်အစိုးရကိုယ်တိုင် ဩချယူခဲ့ရသည့် ဧရာမသပိတ်မှောက်မှုကြီး ဖြစ်ခဲ့ရပါသည်။

ထိုသပိတ်ကြီး၏ မူလအစသည်ကား အထက်မြန်မာပြည် ချောက်ရေနံမြေဌာနတွင် အစိုးရပိုင် ဘီအိုစီကုမ္ပဏီ၏ မတရား သွေးစုပ်ခြယ်လှယ်မှုကြီးကို မခံမရပ်နိုင်ကြသော ရေနံမြေအလုပ်သမားများမှ စတင်ဆန္ဒပြ သပိတ်မှောက်ရာမှ စတင်ခဲ့တော့သည်။

ရေနံမြေအလုပ်သမားတို့၏ ဘဝသည်ကား အဆိုးဝါးဆုံး နိမ့်ကျနွမ်းပါးလှတော့သည်။ မိမိတို့လုပ်အားဖြင့် ထုတ်လုပ်ခဲ့သော ရေနံကိုပင် မိမိတို့ သားသမီးများ စာကြည့်ရာ၌ သုံးစွဲခွင့်မရ။ ပေးသည့် လစာငွေမှာလည်း အရာရှိများ၏ လစာနှင့် နှိုင်းယှဉ်ပါလျှင် အပုံတစ်ရာပုံ တစ်ပုံမျှပင် မရရှိကြချေ။ နှစ်ရှည်ကြာညောင်းစွာ ဆင်းရဲပင်ပန်း ဒုက္ခခံလာကြသည့် ရေနံမြေအလုပ်သမားထုကြီးအတွင်း မကျေနပ်မှုများက သိသိသာသာကြီး တိုးပွားလာခဲ့ရာမှ နောက်ဆုံးတွင် မိမိတို့၏ နစ်နာချက်များ၊ လိုလားချက်များ ပါဝင်သော အချက် ၁၂ ချက်အား ဘီအိုစီကုမ္ပဏီသို့ တောင်းဆိုကာ သပိတ်မှောက်ကြပါတော့သည်။

ဘီအိုစီကုမ္ပဏီသည်ကား ရေနံမြေအလုပ်သမားထုကြီး၏ တောင်းဆိုချက် ၁၂ ရပ်အား မလိုက်လျောခဲ့ကြပေ။ အလုပ်သမားများကလည်း ဆင်းရဲဒုက္ခခံလျက် ဆက်လက်သပိတ်မှောက်ကြတော့သည်။ လစာမဲ့ဘဝ၊ ဝင်ငွေမဲ့ဘဝဖြင့် ရက်ပေါင်း ၃၂၂ ရက်အထိ ဆန္ဒပြခဲ့ကြသည်။

နယ်ချဲ့အစိုးရသည်ကား အမွဲအတေ ရေနံမြေ အလုပ်သမားများ၏ သပိတ်တိုက်ပွဲကို စောင့်ကြည့်လျက်ပင်။ အလုပ်သမားထုကြီး၏ တောင်းဆိုမှုများကို ထည့်၍ မစဉ်းစားကြပါချေ။ ထို့ကြောင့်ပင် ချောက်မြို့မှ ရေနံမြေအလုပ်သမားထုကြီးသည် မိုင်ပေါင်း ၄၀၀ ကျော်ဝေးကွာသော နယ်ချဲ့အစိုးရရုံးစိုက်ရာ ရန်ကုန်မြို့ဆီသို့ ချီတက်ဆန္ဒပြရန် ဆုံးဖြတ်လိုက်ကြပါတော့သည်။ ထိုသို့ ချီတက်ရာတွင် ကား၊ ရထား၊ သင်္ဘော ဘာတစ်ခုမှမသုံး။ ခြေကျင်ချီတက်ကြမည်ဟု ရဲရဲတောက် ဆုံးဖြတ်ကာ ယင်းခရီးရှည် ချီတက်ပွဲကြီးအား သခင်ဘွဲ့ခံ (အာဋ္ဌာဝက)သခင်ဖိုးလှကြီးက ခေါင်းဆောင်ခဲ့ပါတော့သည်။

mgyoe.com

သပိတ်တပ်သား ၂၀၀၀ ကျော်ပါဝင်သည့် ရေနံမြေ သပိတ်တပ်ကြီး သည် ၁၉၃၈ ခု၊ နိုဝင်ဘာ ၃၀ ရက်နေ့တွင် ချောက်မြို့မှ စတင်ချီတက်ခဲ့ကြပါ တော့သည်။ ၆ ရက် ကြာသောအခါ မကွေးမြို့သို့ ဆိုက်ရောက်ခဲ့ကြသည်။

နယ်ချဲ့အစိုးရသည် ချီတက်လာသော သပိတ်တပ်သားများကို ဖြိုခွဲရန် အတွက် ဦးစွာပထမ အစီအစဉ်အဖြစ် မြို့အုပ်ချုပ်ရေးအာဏာပိုင်များက အာဏာဝကသခင်ဖိုးလှကြီး အပါအဝင် သပိတ်ခေါင်းဆောင်များကို ဖမ်းဆီးခဲ့ကြ ပြီး မကွေးမြို့အား ပုဒ်မ-၁၄၄ ထုတ်ပြန်လိုက်ပါတော့သည်။

## ကျောင်းသားခေါင်းဆောင်တို့ လှုပ်ရှားပြီ

ရေနံမြေသပိတ်တပ်သားတို့သည် နယ်ချဲ့အစိုးရ၏ နှောင့်ယှက်မှု ကြောင့် မကွေးသပိတ်စခန်းတွင် ရက်ပေါင်း ၂၀ ကျော် ပိတ်ဆို့ခံနေရတော့ သည်။ အစိုးရဘက်မှ ပိတ်ပင်ဟန့်တားမှုမျိုးစုံကို ကြံ့ကြံ့ခံလျက် ရန်ကုန်မြေ အထိ ဆက်လက်ချီတက်ရန် ခေါင်းဆောင်များက အားခဲလျက်ပင်။

ယင်းအခါကာလမှာပင် ရန်ကုန်မြို့မှ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနှင့် ကိုဗဆွေ အပါအဝင် အဖွဲ့ဝင် ၄ ဦးတို့ ရောက်ရှိလာကြပြီး၊ သပိတ်တပ်သားတို့အား စိတ်ဓာတ်တက်ကြွစေရန် အားပေးစကားများ ပြောကြား ၍ ဆက်လက်ချီတက်ကြပါရန် မဲထီးကျောင်းတိုက်၌ တရားဟော လှုံ့ဆော်ရင်း၊ ကျောင်းသားထုကြီးတစ်ရပ်လုံး သပိတ်တပ်သားများဘက်မှ မားမားမတ်မတ် ရပ်တည်နေသည်ကို သက်သေပြကြပါသည်။

မကွေးမြို့ အာဏာပိုင်များသည် တက္ကသိုလ်ကျောင်းသားများ ဝင်ရောက်လာကြသည်ကို ချက်ချင်းပင် ဟန့်တားနိုင်ရန်အတွက် ကျောင်းသား ခေါင်းဆောင် ကိုဗဟိန်းတို့ ၄ ဦးအား တရားဟောအပြီးမှာပင် ဖမ်းဆီး ထိန်းသိမ်းလိုက်ကြပါတော့သည်။ ထိုနေ့သည်ကား ၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ ဖြစ်တော့သည်။

ကျောင်းသားခေါင်းဆောင်တို့၏ ပူးပေါင်းထောက်ခံမှု၊ အားပေးမှု၊ ဆက်လက်ချီတက်ရန် လှုံ့ဆော်မှုများကြောင့် ရေနံမြေသပိတ်တပ်သားတို့သည် အာဏာပိုင်အဖွဲ့အစည်းတို့ ပိတ်ပင်တားဆီးထားသည့်ကြားမှ နောက်မတွန့်၊ အားမရှုံ့ပါဘဲ ဆက်လက်ထိုးဖောက် ချီတက်ကြပါတော့သည်။ ချောက်မြို့၊ ရေနံချောင်းမြို့များမှ ပါဝင်လာကြသော သပိတ်တပ်သားတို့သည် မကွေးမြို့ရှိ

mgyye.com

mgyoe.com

လက်နက်ကိုင် စစ်သားတို့ ဝိုင်းဝန်းပိတ်ဆို့နေသည့်ကြားမှပင် ကျောင်းသား ခေါင်းဆောင်တို့ လာရောက်ဟောပြော အားပေးမှုကြောင့်လည်းကောင်း၊ မိမိတို့ ရှေ့မှာပင် ဖမ်းဆီးထိန်းသိမ်းခံလိုက်ရသော ကျောင်းသားလေးဦး၏ အဖြစ်ကို လည်းကောင်း မြင်တွေ့ခဲ့ရပြီးနောက် လက်နက်ကိုင်တို့ တားဆီးနေသည်ကို တွန်းလှန်ထိုးဖောက်ကာ ဆက်လက်ချီတက်ခဲ့ကြပါတော့သည်။

မကွေးမြို့မှ အာဏာပိုင်တို့သည် ထိုးဖောက်ချီတက်သွားကြသည့် သပိတ်တပ်ကြီးကို နောက်မှ လိုက်လံ၍ ပုလိပ်အဖွဲ့နှင့် ရာဇဝတ်ဝန်တို့ ပူးပေါင်း ကာ ချီတက်ရေး ခေါင်းဆောင် ၁၇ ဦး အပါအဝင် ကျန်အဖွဲ့ဝင် ၁၇ ဦး၊ စုစုပေါင်း ၃၄ ဦးတို့ကို ဖမ်းဆီးခေါ်ဆောင်သွားကြတော့သည်။

သပိတ်တပ်ကြီးသည်ကား မလျှော့သော ဇွဲလုံ့လဖြင့် ၆၂ ရက်တိုင်တိုင် ဆက်လက်ချီတက်ခဲ့ကြပြီး မိုင်ပေါင်း ၄၀၀ ကျော် ဝေးကွာသည့် ရန်ကုန်မြို့ဆီ သို့ အခက်အခဲ ဆင်းရဲဒုက္ခမျိုးစုံ ခံကာ ဆိုက်ရောက်လာပါတော့သည်။

## လယ်သမားထုကြီး ပါလာလေပြီ

ရေနံမြေသပိတ်တပ်မကြီး ရန်ကုန်မြို့သို့ ဆိုက်ရောက်ပြီဟူသော သတင်းသည် သတင်းစာများ၏ ရေးသားဖော်ထုတ်မှု၊ အသံလွှင့်ရေဒီယိုများ၏ သတင်းပေးမှုတို့ကြောင့် တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ရိုက်ခတ်သွားကြလေပြီ။

ရေနံမြေသပိတ်တပ်ကြီး၏ အရှိန်အဟုန်ကြောင့် ပဲခူးနှင့် သထုံဘက်မှ လူ ၂၀၀၀ ကျော် ပါဝင်သော တောင်သူလယ်သမားသပိတ်တပ်ကြီး ပေါ်ပေါက် လာကာ နယ်ချဲ့အစိုးရအား ဆန္ဒပြရန်အတွက် ရန်ကုန်မြို့သို့ စုရုံးရောက်ရှိ လာကြတော့သည်။ ထို့ပြင် သာယာဝတီ၊ ပေါင်းတည် အစရှိသည့် နယ်များဆီ မှ လယ်သမား ၁၀၀၀ ကျော်တို့လည်း ခြေကျင်ချီတက်ကာ ရန်ကုန်မြို့တွင်းရှိ သပိတ်တပ်ကြီးများနှင့် ပူးပေါင်းကာ အစိုးရအား ဆန္ဒပြကြတော့သည်။

အနယ်နယ်အရပ်ရပ်မှ ချီတက်လာကြသော သပိတ်တပ်တို့ စုစည်း ကာ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်၊ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်၊ တနင်္လာနေ့တွင် အထွေထွေသပိတ်တပ်ပေါင်းစု ကြီးအဖြစ် စုစည်းကာ ရွှေတိဂုံကုန်းတော်ခြေရင်းတွင် ကြီးမားသော လူထု အစည်းအဝေးပွဲကြီး တစ်ရပ်ကို ကျင်းပခဲ့တော့သည်။ ဤသည်ကား ၁၃၀၀ ပြည့်အရေးတော်ပုံ၏ သမိုင်းဖြစ်ရပ်ပင်တည်း။

mgyoe.com

SAMPLE BOOK

## အတွင်းဝန်ရုံးကို ဝိုင်းလေသည့် ကျောင်းသားထု

မကွေးမြို့တွင် အာဏာပိုင်များက ရေနံမြေသပိတ်တပ်သားတို့ကို ဆက်လက်ချိတ်ဆက်နိုင်ခြင်း မရှိစေရန် ဟန့်တားပိတ်ဆို့လျက် သပိတ်ခေါင်းဆောင်များကို ဖမ်းဆီးထားသည့်အချိန်တွင် ရန်ကုန်မှ ကျောင်းသားခေါင်းဆောင် ကိုဗဟိန်းနှင့် အဖွဲ့ဝင် ၃ ဦးတို့ သွားရောက်၍ သပိတ်တိုက်ပွဲကို အားပေးကာ တရားဟောခဲ့ကြသဖြင့် အဖမ်းခံကြရသည်။

ဤသည်ကို အကြောင်းပြု၍ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီ ၂၀ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်နှင့် ယုဒသန်ကောလိပ်တို့မှ ကျောင်းသားကျောင်းသူများ ခေါင်းဆောင်လျက် ကိုဗဟိန်းတို့အား ချက်ချင်း လွှတ်ပေးပါရန် စိတန်းလမ်းလျှောက်၍ ဆန္ဒပြတောင်းဆိုကြတော့သည်။ ထို့နောက် အာဏာပိုင်တို့ ရုံးစိုက်ရာ အတွင်းဝန်ရုံးကို ဝိုင်း၍ ဟစ်အော် တောင်းဆိုကြပါတော့သည်။

## ကိုအောင်ကျော် သွေးမြေကျလေပြီ

နယ်ချဲ့အစိုးရသည် ဖြစ်ပေါ်နေသော ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းရမည့်အစား နံပါတ်တုတ်ကိုင် မြင်းစီးတပ်ဖွဲ့ကို စေလွှတ်၍ ကျောင်းသားထုအား ပြင်းထန်ရက်စက်စွာ နှိမ်နှင်းခဲ့ကြသောအခါ ကျောင်းသား ကျောင်းသူများ ပြင်းထန်စွာ ထိခိုက်အနာတရ ဖြစ်ကြတော့သည်။ ထိခိုက်ဒဏ်ရာရသူများ အနက် ယုဒသန်ကျောင်းသား ကိုအောင်ကျော်သည် ဇန်နဝါရီလ ၂၂ ရက်နေ့တွင် အတွင်းလူနာအဖြစ် ကုသခံနေရာမှ ကွယ်လွန်သွားခဲ့ရရှာတော့သည်။

ကျောင်းသားထု သွေးမြေကျလေပြီဆိုသောအခါ အနယ်နယ်အရပ်ရပ်၌ မကျေမနပ်မှုများ ထွက်ပေါ်လာပါတော့သည်။ ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကိုအောင်ကျော် ကျဆုံးမှုနှင့် ကျောင်းသူကျောင်းသားများ ထိခိုက်ဒဏ်ရာရမှုများကို အကြောင်းပြု၍ ကျူးလွန်ခဲ့ကြသောသူများကို ဖော်ထုတ်အရေးယူပေးပါရန် မန္တလေးမြို့အနောက်ပြင်ရှိ အိမ်တော်ရာဘုရားဝင်း၌ လူထုအစည်းအဝေးပွဲကြီးတစ်ရပ် ကျင်းပကာ ဆန္ဒပြ တောင်းဆိုကြတော့သည်။

မန္တလေးမြို့ လူထုဆန္ဒပြ တောင်းဆိုမှုကြီးကား ကြီးကျယ်ခဲ့ညားလှပါတော့သည်။ ဆန္ဒပြသူပေါင်း နှစ်သိန်းနီးပါးတွင် ရဟန်း ရှင် လူအပေါင်းတို့ ပါဝင်ကြပြီး မန္တလေးမြို့ စိပိလိုင်းရပ်ကွက်အနီးရှိ အရေးပိုင်ရုံးကြီးသို့ ချီတက်ကာ ကျောင်းသားတို့ သွေးမြေကျရသည့် လက်သည် ရာဇဝတ်ကောင်တို့အား ဖော်ထုတ်အရေးယူပေးပါရန် ချီတက် တောင်းဆိုခဲ့ကြခြင်းပင်။

mgyoe.com

mgyoe.com


ချီတက်လာသော လူထုအတွင်း၌ ရဟန်းသံဃာတော်များ၊ ရပ်ကွက်နေပြည်သူများ၊ နိုင်ငံရေး အသင်းအဖွဲ့များ၊ တောင်သူလယ်သမား အင်အားစုများ၊ ကျောင်းသူကျောင်းသားများ ပါဝင်ကာ အထွေထွေသပိတ်အသွင် ဆောင်လာတော့သည်။ သပိတ်တပ်ဖွဲ့ကြီးသည် ၂၆ ဘီလမ်းအတိုင်း ချီတက် ဆန္ဒပြကြသည်။

**မန္တလေးမှ အာဇာနည် ၁၇ ဦး**

နယ်ချဲ့အစိုးရသည် တစ်တိုင်းပြည်လုံး အတိုင်းအတာအထိ ကျယ်ပြန့်စပြုလာသည့် အထွေထွေသပိတ်ကြီးကို နှိမ်နင်းရန်အတွက် လက်နက်အားကိုးရန် ဆုံးဖြတ်လိုက်ပါတော့သည်။

ယင်းအခါကာလတွင် မန္တလေးမြို့သည် ပုဒ်မ-၁၄၄ ထုတ်ပြန်ပြီးသော အခါကာလ ဖြစ်တော့သည်။ မျက်နှာဖြူ အရေးပိုင်မင်းသည် စနစ်တကျ ချီတက်လာသော ရဟန်း ရှင် လူ ပြည်သူအပေါင်းတို့အား လက်နက်နှင့်ဖြိုခွင်းရန် ရက်ရက်စက်စက် ဆုံးဖြတ်၍ အမိန့်ပေးခဲ့ပါတော့သည်။ ထို့ကြောင့် မန္တလေးမြို့ ဆန္ဒပြမှုကြီး၌ ရဟန်းသံဃာ အပါအဝင် စုစုပေါင်း ၁၇ ဦးတို့ နယ်ချဲ့လက်နက်ဖြင့် ကျဆုံးခဲ့ရတော့သည်။ ထိုနေ့သည်ကား ၁၉၃၉ ခုနှစ်၊ ဖေဖော်ဝါရီ ၁၀ ရက်နေ့၊ တစ်နည်းအားဖြင့် အာဇာနည် ၁၇ ဦး ကျဆုံးသောနေ့အဖြစ် သမိုင်းမှတ်တမ်းတင်ခဲ့ကြရလေသည်။

နယ်ချဲ့အစိုးရသည် ၁၈၈၅ ခုနှစ်မှစ၍ မြန်မာတစ်နိုင်ငံလုံးကို နယ်ချဲ့အုပ်စိုးခဲ့ရာမှ လွတ်လပ်ရေး ပေးခဲ့ရသည့် ၁၉၄၈ ခုနှစ်ကာလအတွင်း မကြုံစဖူး ထူးကဲစွာ ကြုံတွေ့ခဲ့ရသည့် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးအား မြန်မာအမျိုးသားတို့၏ အကြီးမားဆုံး ဆန့်ကျင်လှုပ်ရှားမှုကြီးအဖြစ် သတ်မှတ်ခဲ့ကြရပြီး မြန်မာကျောင်းသားထုအား သွေးမြေကျစေသည့် လုပ်ရပ်ကြောင့် ရာဇပလ္လင် တုန်လှုပ်ခြင်း၏ အကြောင်းရင်းခံတစ်ရပ်အဖြစ် အသိအမှတ်ပြုကြရပါတော့သည်။ ထို ၁၃၀၀ ပြည့်အရေးတော်ပုံကြီးကြောင့် ဒေါက်တာဘမော်၏ ညွန့်ပေါင်းအစိုးရ ပြုတ်ကျသွားခဲ့ရသည်။

*စာကိုး။ ။ ကမ္ဘာ့စာမြင့်လွှင် - ဗမာပြည် နှစ်ပေါင်း ၂၀၀ မှတ်တမ်းကြီး အင်တာနက်၊ (Weekly Eleven ဂျာနယ်)*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း-၂

## မဆလခေတ် ကျောင်းသားလှုပ်ရှားမှုများ

ဤစာအုပ်၏ ရှေ့ပိုင်းတွင် နယ်ချဲ့အစိုးရလက်အောက် မြန်မာကျောင်းသားထုကြီး၏ သမိုင်းဝင် နိုင်ငံရေးလှုပ်ရှား မှုများကို ဖော်ပြခဲ့ပြီးလေပြီ။ မြန်မာ့နိုင်ငံရေးဖြစ်စဉ် တစ်လျှောက်လုံးတွင် ၁၉၂၀ ခုနှစ် ပထမကျောင်းသားသပိတ်မှ စတင်ကာ ကျောင်းသားထု၏ နိုင်ငံရေးနိုးကြားမှု၊ မျိုးချစ်စိတ် ထက်သန်မှု၊ ကျားကုတ်ကျားခဲ ဖွဲ့လုံ့လအပြည့်ဖြင့် ပါဝင်ဆောင်ရွက်မှုများသည် သမိုင်းစာစောင်အသီးသီးတွင် အခိုင်အမာ တည်ရှိခဲ့ကြပါသည်။ ထိုသမိုင်းကြောင်းများထဲမှ မျက်မှောက်ခေတ် ကျောင်းသားလှုပ်ရှားမှုများကို ရွေးချယ်ဖော်ပြသွားပါမည်။ သို့မှသာလျှင် ကျောင်းသားသမိုင်း၊ ကျောင်းသားသမဂ္ဂသမိုင်း၊ ရှစ်လေးလုံး သမိုင်းတို့အား အကွက်ကျကျ၊ အချိုးကျကျ တွေ့မြင်မှတ်သားနိုင်ပေလိမ့်မည်။

'တချို့သည်ကား သမိုင်းကို မေးမှိန်အောင် လုပ်ပစ်ချင်ကြသည်' ဤစကားကို ပြောကြားလာသူမှာ ရှစ်လေးလုံး ကာလတစ်လျှောက်လုံး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆင်နွှဲခဲ့သည့် အယ်ဒီတာ ဆရာမျိုးမြင့်ညိမ်းထံမှ အင်တာဗျူးသည့်အခိုက်ကာလတွင် ကြားသိရသောစကား ဖြစ်သလို ထိုစကားအတိုင်းပင်

mgyoe.com

တချို့သော လူပုဂ္ဂိုလ်များသည် သမိုင်းကို မှေးမှိန်ပစ်ချင်ကြသည်ကို လက်တွေ့သိလာရပါသည်။

ထို့ကြောင့်ပင် ဤစာအုပ်ကို ပြုစုရာ၌ လိုအပ်သော အခန်းကဏ္ဍများကို အချိန်ယူလေ့လာ၍ ကောက်နုတ်ချက်များ ရေးမှတ်ကာ စုစည်းတင်ပြရပါတော့သည်။ ဖြစ်နေသည်ကား မိမိအိမ်နီးနားချင်းကို မေးကြည့်လျှင်ပင် ရှစ်လေးလုံးအကြောင်း ဂဃနဏ မပြောတတ်တော့ပေ။ သူတို့ကိုလည်း အပြစ်တင်၍ မဖြစ်။ အကြောင်းရင်းမှာကား အထက်မှာ ပြောခဲ့သလိုပင် တချို့ကား သမိုင်းကို မှေးမှိန်အောင် လုပ်ပစ်ချင်ကြသကိုး။

မှိန်အောင်လုပ်သူရှိသလို ရှာဖွေဖော်ထုတ်သူလည်း ရှိစမြဲပေမို့ ခရီးဆက်ရပေဦးမည်။

မဆလခေတ်ဟု အတိုချုံး၍ ခေါ်ဝေါ်သမုတ်ဖြစ်သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေတ်ကြီးသည်ကား ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်တိုင် မြန်မာတစ်နိုင်ငံလုံးအား တစ်ပါတီ အာဏာရှင်စနစ်ဖြင့် နိုင့်ထက်မင်းမူ အုပ်ချုပ်ခဲ့သော၊ အမှန်ပင် ကြောက်ရွံ့ပိန်းပိတ်စေခဲ့သော အာဏာရှင် ဦးနေဝင်း၏ ခေတ်ကြီးတစ်ခေတ် ဖြစ်သည်။

**ဦးနေဝင်း**

**ဗိုလ်ချုပ်ကြီးနေဝင်း**

**ပါတီဥက္ကဋ္ဌကြီးဦးနေဝင်း**

သူသည် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲနှင့်အတူ ပေါ်ပေါက်လာသော ရဲဘော်သုံးကျိပ်ဝင် သခင်တစ်ဦး ဖြစ်သည်။ သူ တည်ထောင်ခဲ့သော မဆလပါတီအကြောင်းကို တင်ပြရမည် ဆိုလျှင် ဦးစွာပထမ သူ့အကြောင်းကို ကောက်နုတ် ဖော်ပြဖို့လိုပေလိမ့်မည်။ ဤသည်ကား သမိုင်းရေအလျဉ်သည် ခုန်ကျော်စီးဆင်း၍ မရသော သဘောကြောင့်ပင်။

## ဦးနေဝင်း

ငယ်နာမည် ရှုမောင်ဟု အမည်တွင်သော သူ့အား ပြည်ခရိုင် ပေါင်းတည်မြို့၌ ၁၉၁၀ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် မွေးဖွားခဲ့သည်။ တရုတ်ကပြားစပ်တစ်ဦး ဖြစ်ပြီး ၁၉၂၉ ခုနှစ်တွင် တက္ကသိုလ်၌ ဇီဝဗေဒဘာသာရပ်ကို သင်ကြားခဲ့သည်။ ဘွဲ့မရရှိမီ ၁၉၃၁ ခုနှစ်တွင် ကျောင်းမှထွက်ကာ ရန်ကုန်မြို့ ဆင်ခြေဖုံး

mgyoe.com

SAMPLE BOOK


ရပ်ကွက်မှ စာတိုက်တစ်ခုတွင် အငယ်တန်းစာတိုက်စာရေးအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။

ထို့နောက် လွတ်လပ်ရေးတိုက်ပွဲဝင် ကာလတွင် သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့နောက်မှ လိုက်ကာ ရဲဘော်သုံးကျိပ်ဝင်အဖြစ် ဂျပန်နိုင်ငံသို့ စစ်ပညာ သွားရောက်သင်ယူခဲ့ပြီး သခင်ရှမောင်အမည်မှ ဗိုလ်နေဝင်းအဖြစ် ပြောင်းလဲခံယူခဲ့သူ ဖြစ်သည်။ လွတ်လပ်ရေးတိုက်ပွဲဝင် ကာလတွင် ထင်ရှားသော နိုင်ငံရေးလှုပ်ရှားမှု တစ်စုံတစ်ရာ မရှိချေ။ ဤနေရာတွင် လူထုတော်လှန်ရေးဟူသော ဖြစ်စဉ်တိုင်း၌ မဖြစ်မနေ ပေါ်ပေါက်တတ်သည့် ပရိသတ်အင်္ဂါလေးပါးအကြောင်း တင်ပြလိုသည်။ တော်လှန်ရေးဖြစ်စဉ်တိုင်း၌ ပါဝင်မြဲဖြစ်သော ပရိသတ်အင်္ဂါ လေးပါးတွင် ခေါင်းဆောင်၊ အကြံပေး၊ နောက်လိုက်နှင့် ကပ်ပါးဟူ၍ ရှိတတ်စမြဲပင်။ တော်လှန်ရေး ပြီးမြောက်ချိန်တွင် ခေါင်းဆောင်တိုင်းသည် စံစားရသည် မရှိ၊ အကြံပေးတိုင်းသည် မြဲသည် မရှိ၊ နောက်လိုက်တိုင်း နေရာရသည် မရှိ၊ ကပ်ပါးဟူသော လူစားသည်ကား ဘယ်သောအခါမှ အရှုံးမထွက်တတ်ချေ။ မြန်မာ့လွတ်လပ်ရေး တိုက်ပွဲကြီးသည်လည်း ဤသို့သော အဖြေသာ ထွက်ခဲ့သည်ဆိုလျှင် မှားအံ့ မထင်။ ဤသည်ကား နောင်ဆင်ခြင်အတုယူစေဖို့ ကိုးကားတင်ပြရခြင်းသာ ဖြစ်သည်။

၁၉၄၅ ခုနှစ် ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး ဆင်နွှဲပြီးသောအခါ တပ်မတော်ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံရေးလောကသို့ ဝင်ရောက်ရန်အတွက် ဗမာ့တပ်မတော် စစ်ဦးစီးချုပ်ရာထူးမှ နုတ်ထွက်ခဲ့သည်။ ထိုအခါက မဟာမိတ်တပ်ပေါင်းစု၏ စစ်သေနာပတိချုပ်မှာ 'လော့ဒ်လူးဝစ်မောင့်ဘက်တန်' ဖြစ်သည်။ လစ်လပ်သွားသော ဗမာ့တပ်မတော်စစ်ဦးစီးချုပ်နေရာတွင် အစားထိုးရန်အတွက် မြန်မာတို့ဘက်မှ အမည်စာရင်း တင်သွင်းရာတွင် ဗိုလ်လက်ျာအား အမည်စာရင်း တင်သွင်းခဲ့ကြသည်။ ဗိုလ်လက်ျာ နေရာတွင် အမြဲတမ်း ဗမာ့တပ်မတော်မှ အဆင့်အမြင့်ဆုံး ကရင်အရာရှိ ဗိုလ်မှူးကြီးစောကြာဒိုးကို ခန့်အပ်ရန် မေတ္တာရပ်ခံခဲ့ကြသည်။

ဗမာ့ကာကွယ်ရေးတပ်မတော်၏ အစပိုင်းကာလတွင် ဗိုလ်နေဝင်းသည် လွတ်လပ်ရေးတိုက်ပွဲတစ်လျှောက် ထင်ရှားသော နိုင်ငံရေးနယ်ပယ်၌ ပါဝင်ခွင့်မရခဲ့သော်လည်း လွတ်လပ်ရေး ရရှိပြီးသည့် ၁၉၄၈ ခုနှစ်တွင် စစ်ဦးစီးချုပ်နှင့် ဒုသေနာပတိ(တပ်ပေါင်းစု)အဖြစ် ခန့်အပ်ခြင်း ခံရသည်။ ၁၉၄၉ ခုနှစ်၊

mgyoe.com

mgyoe.com  SAMPLE BOOK 

ဖေဖော်ဝါရီ ၁ ရက်နေ့တွင် ဗမာ့တပ်မတော် စစ်သေနာပတိချုပ်အဖြစ် ဆက်လက်တာဝန်ပေးအပ်ခံခဲ့ရပြီး ၁၉၄၉ ခုနှစ်၊ မတ်လ ၃ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး ရာထူးကို ရရှိခဲ့သည်။ ထို့နောက် ၁၉၅၆ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် ဗိုလ်ချုပ်ကြီး ရာထူးကို ရယူခဲ့သည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာပြည် လွတ်လပ်ရေး ကြေညာခဲ့သည်။ ထိုလွတ်လပ်ရေးသည် မငြိမ်းချမ်းသော လွတ်လပ်ရေး၊ သွေးရောင်လွှမ်းမည့် အမှောင်တိုင်းပြည်၏ လွတ်လပ်ရေးဟုပင် တင်စားရပေမည်။ လွတ်လပ်ရေးဖခင်ကြီး ဖြစ်သော ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံခံရပြီးနောက် တိုင်းပြည်တွင်း၌ ကွန်မြူနစ်ပါတီသည် လည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင်များသည် လည်းကောင်း၊ တိုင်းပြည်ကို အုပ်ချုပ်သော ဖဆပလအစိုးရသည်လည်းကောင်း ရဲဘော်ဖြူတို့သည်လည်းကောင်း ဝိဝါဒ ကွဲပြားလျက် သူတစ်လူငါတစ်မင်း ဖြစ်လာကြရင်း ပြည်တွင်းစစ်မီးတို့ တောက်လောင်ခဲ့ကြတော့သည်။

လွတ်လပ်ရေး ရပြီးသည်နှင့် ပြည်သူ့ရဲဘော်များ၊ ကွန်မြူနစ်များ တောခိုခဲ့ကြသည်။ ထို့ပြင် ဗမာ့လက်နက်ကိုင်တပ်များ ဖြစ်သည့် အမှတ် (၁) နှင့် အမှတ် (၃) တပ်များ ပုန်ကန်ထကြွကြသည်။ ထိုတပ်ပေါင်းစုတို့အား ဗိုလ်နေဝင်း၏ အမှတ် (၄) ဗမာ့လက်နက်ကိုင်တပ်များက နှိမ်နှင်းခဲ့ရသည်။ ညံ့ဖျင်းလှသော ဖဆပလအစိုးရဝန်ကြီးချုပ် ဦးနုကြောင့် တိုင်းပြည်ကြီးတစ်ခုလုံး မီးတောက်ခဲ့ရခြင်းပင်။ ပြည်တွင်းငြိမ်းချမ်းရေးကို မတည်ဆောက်နိုင်ဘဲ၊ အစိုးရအဖွဲ့တွင်းမှာပင် အချင်းချင်း သံသယပွားကာ ညီညွတ်ရေး ပြိုကွဲခဲ့ရပြီး နောက်ဆုံးတွင် စစ်တပ်အား အာဏာ လွှဲအပ်ပေးရသည်အထိ ကြုံတွေ့ခဲ့ရတော့သည်။ ဤသည်ကား ဦးနု၏ ဒီမိုကရေစီလမ်းကြောင်းပေါ်မှ မှားယွင်းသော၊ ညံ့ဖျင်းသော၊ ငြိမ်းချမ်းရေးကို မကျွမ်းကျင်သော အုပ်ချုပ်မှု စနစ်ကြောင့်ပင်။

ဗိုလ်နေဝင်းသည် တိုင်းပြည်၏ မငြိမ်းချမ်းသော ပြည်တွင်းစစ်ကာလ တစ်လျှောက်လုံးတွင် တပ်မတော်၏ ရာထူးအဆင့်ဆင့်ကို ရယူခဲ့ပြီးနောက် ဗိုလ်ချုပ်ကြီးနေဝင်းအဖြစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာခဲ့သည်။ ဤသည်ကား လွတ်လပ်ရေးကာလတစ်လျှောက် မြန်မာ့နိုင်ငံရေး လှုပ်ရှားမှု ဖြစ်စဉ်တစ်လျှောက်တွင် သာမန်လူတစ်ဦးအဖြစ် ပါဝင်ခဲ့ရာမှ တိုင်းပြည်၏ မှားယွင်းသော ပြည်တွင်းစစ်မီးကြောင့် လည်းကောင်း၊ ဖဆပလ အစိုးရ၏

mgyoe.com

mgyoe.com

ညံ့ဖျင်းလှသော ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်တို့ကြောင့် လည်းကောင်း၊ စစ်အာဏာရှင်တစ်ဦးကို မွေးဖွားပေးလိုက်ခြင်းပင် ဖြစ်တော့သည်။

ဗိုလ်ချုပ်နေဝင်းသည် ၁၉၄၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီ အမည်ခံ၍ ဖဆပလအစိုးရ လက်ထဲမှ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သည်။ ၁၉၄၈ ခုနှစ်တွင် ဒီမိုကရေစီကို အသက်သွင်းခဲ့သော ဦးနု၏ ဖဆပလအစိုးရသည် ၁၄ နှစ်တာကာလအတွင်း စစ်အာဏာရှင်တစ်ဦးကို တိုင်းပြည်ကြီးဝကွက် အပ်လိုက်ရခြင်းသာ အဖတ်တင်တော့သည်။ ဤသည်ကား ပါတီတွင်းအုပ်စုကွဲမှု၊ သူ့လူ ငါ့လူ ခွဲခြားမှု၊ သူ့ဝါဒ ငါ့ဝါဒ တည်ဆောက်မှုများ၏ဆိုးမွေသာတည်း။

စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်းသည် သူ ရရှိခဲ့သော နိုင်ငံတော်အာဏာကို နှစ်ရှည်လများ ဆက်လက်ဆုပ်ကိုင်နိုင်ရန်အတွက် 'တော်လှန်ရေးကောင်စီ' အမည်မှ 'မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ'ကို တည်ထောင်ကာ တိုင်းပြည်အား ဆိုရှယ်လစ်စနစ်ကြီးဖြင့် ခရီးနှင်ပါမည်ဟု ကြွေးကြော်ရင်းဆူးငြောင့်ခလုတ်မှန်သမျှကို ထောင်သွင်း အကျဉ်းချတော့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်၌ ဗိုလ်ချုပ်နေဝင်း လက်ထက်မှစ၍ ပြိုင်ဘက်ဟု ယူဆသော နိုင်ငံရေးသမား မည်သူ့ကိုမဆို ဖမ်းဆီးနှိပ်စက်သည့် စနစ်ဆိုးကြီး စတင်ပေါ်ပေါက်လာခဲ့တော့သည်။ စစ်ထောက်လှမ်းရေးတို့သည် လည်းကောင်း၊ ဆိုရှယ်လစ်သားကောင်းသားမြတ် အပေါင်းတို့သည်လည်းကောင်း၊ တစ်ပါတီ အာဏာရှင်စနစ်ကြီး သက်တမ်းရှည်သထက် ရှည်လာစေခြင်းငှာ နိုင်ငံရေးသမား ဟူသမျှကို အကြီးအကျယ် ဖမ်းဆီး နှိပ်ကွပ်ခဲ့ကြတော့သည်။ ဤသည်ကား ဗိုလ်ချုပ်နေဝင်းဟူသည် မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်တွင် နိုင်ငံရေးဖြတ်သန်းမှု မှေးမှိန်သော လူတစ်ဦးပေမို့ နိုင်ငံရေးသမား ဆိုလျှင် နှိပ်ကွပ်ပစ်ခြင်း အကြောင်းခံပင်ဖြစ်တော့သည်။

## မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ

ဗိုလ်ချုပ်နေဝင်း ဖန်တီးခဲ့သော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီသည် တိုင်းပြည်၏ တတ်သိပညာရှင်များ၊ စီးပွားရေးအခြေခံ အဆောက်အဦများ၊ လူမျိုးရေး ရှုထောင့်များ၊ ပြည်နယ်နှင့် တိုင်းအသီးသီးမှ တိုင်းရင်းသားတို့၏

ဓလေ့စရိုက်များ၊ ပြည်ထောင်စုတွင်း ဖြစ်ပေါ်နေသော ပကတိ အခြေအနေမှန်များ၊ နိုင်ငံတကာတွင် ဖြစ်ပေါ်နေသော စက်မှုတော်လှန်ရေး လမ်းစဉ်များ၊ ပညာရေးစနစ်များကို လေ့လာသုံးသပ်၍ ဖန်တီးခဲ့သော လမ်းစဉ် မဟုတ်။ သူ့နည်းသူ့ဟန်ဖြင့် သူ့အတွက် ဖောင်းတော်ညီတိ၊ စိတ်တော်သိ အခြေအရံများဖြင့် ရေးဆွဲဖန်တီးခဲ့သော လမ်းစဉ်ပါတီပင် ဖြစ်သည်။ ၁၉၇၄ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲ၍ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အဖြစ် ကြေညာခဲ့သည်။ သို့ရာတွင် သမိုင်းအမြင်၌ သူ အာဏာသိမ်းယူခဲ့သည့် ၁၉၆၂ ခုနှစ်ကိုပင် အစွဲပြုကာ အာဏာလက်လွှတ်ခဲ့ရသည့် ၁၉၈၈ ခုနှစ်ကာလအထိ ၂၆ နှစ် အုပ်ချုပ်ခဲ့သည်ဟု မှတ်တမ်းတင်ကြသည်။

မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ပြိုကွဲရသည့် အခြေခံ အချက်အလက်ပေါင်း မြောက်မြားစွာ ရှိသည့်အနက် အခြေခံအကျဆုံးအချက်မှာ လက်တွေ့မကျသော သဘောတရားများကြောင့်ဟု မှတ်ချက်ပြုခဲ့ကြသည်။ တံခါးပိတ်စီးပွားရေးဝါဒကို ကျင့်သုံးခဲ့သည့်အတွက် တခြားသော ကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် နှိုင်းယှဉ်ပါလျှင် အဘက်ဘက်မှ နိမ့်ကျလာခဲ့ရသည်။ ဗဟိုဦးစီးစနစ်ကို အစဉ်တစိုက် စွဲကိုင်လာခဲ့ပြီး လက်တွေ့ အလုပ်မဖြစ်သော နှစ်ရှည်စီမံကိန်းများ၊ VIPစနစ်များ၊ ကြိုးနီထိန်းချုပ်မှုများကြောင့် လာဘ်ပေးလာဘ်ယူမှုများ ပြည်သူ့ဝန်ထမ်းလောကတွင် အမြစ်တွယ်လျက် စာရိတ္တချို့တဲ့သော အုပ်ချုပ်ရေးယန္တရားကြီးဖြင့် ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးတို့ ဘက်ပေါင်းစုံနိမ့်ကျခဲ့ရတော့သည်။

## ကျောင်းသားလှုပ်ရှားမှုများ

မြန်မာ့နိုင်ငံရေး ရေစီးကြောင်းတစ်လျှောက်တွင် စီးဆင်းလာသော အချိုးအကွေ့များကို ပြန်ပြောင်းသုံးသပ်လေတိုင်း ကျောင်းသားလှုပ်ရှားမှုများ၏ အဓိကအခန်းကဏ္ဍကို မျက်ဝါးထင်ထင် တွေ့မြင်ကြရပေမည်။

ဤသဘောတရားကို နိုင်ငံရေးသမားများ ကြိုတင် တွက်ဆကောင်းမှ တွက်ဆမည် ဖြစ်သော်လည်း ဗိုလ်ချုပ်နေဝင်းသည် စောစီးလျင်မြန်စွာ တွက်ဆခဲ့ပြီးသူ ဖြစ်လေသည်။ တိုင်းပြည်အာဏာကို သိမ်းပိုက်ခဲ့ပြီးနောက် တပ်မတော်အင်အားဖြင့် ပြည်တွင်းစစ်မီးကို မွေးခဲ့ရင်း တိုင်းရင်းသား လက်နက်ကိုင်များအား ခြေမှုန်းကာ တစ်ပါတီ အာဏာရှင်စနစ်ကို ထူထောင်ခဲ့ပြီးနောက်

mgyoe.com

m gyoe.com SAMPLE BOOK


မြန်မာ့လွတ်လပ်ရေးကာလတစ်လျှောက် ပါဝင်ခဲ့ကြသော နိုင်ငံရေးသမားများကို ဖိနှိပ်ချုပ်ချယ်ခဲ့သည်။

စစ်အာဏာရှင် ဗိုလ်ချုပ်နေဝင်း၏ ဘက်ပေါင်းစုံ နှိပ်ကွပ်မှုများကြောင့် နိုင်ငံရေးနယ်ပယ်အသီးသီးမှ နိုင်ငံရေးသမားများ ခြေကုန်လက်ပန်း ကျနေချိန်တွင် ခေတ်အဆက်ဆက် နိုင်ငံရေးအမြင် နိုးကြားလာခဲ့သော ကျောင်းသားထုအတွင်း၌ စစ်အာဏာရှင်အစိုးရ၏ ပျော့ကွက် ဟာကွက်များကို လေ့လာအကဲခတ်လျက်ရှိသော နိုင်ငံရေး နိုးကြားမှုတို့ ပေါ်ပေါက်လာခဲ့တော့သည်။

၁၉၆၂ ခုနှစ်မှာပင် စစ်အာဏာရှင် အခွန့်ရှည်မည်ကို မလိုလားသော တက္ကသိုလ်ကျောင်းသားများသည် အာဏာသိမ်းမှုကို ကန့်ကွက်ခဲ့ကြပါသည်။

ဗိုလ်ချုပ်နေဝင်းသည် တောက်မည့် မီးကြွင်းမီးကျန်ကို ဖယ်ရှားရမည်ဟု သန္နိဋ္ဌာန် ချမှတ်ထားသည့်အလျောက် ကျောင်းသားထုတို့ စုဝေးတည်ရှိရာ ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂ အဆောက်အဦအား ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် ဗုံးခွဲဖျက်ဆီးပြီး ရာပေါင်းများစွာသော ကျောင်းသားစုစည်းမှုကို ဖြိုခွဲပစ်ခဲ့သည်။

စင်စစ် အဆောက်အဦတွင် သန္ဓေတည်သည်ဟု သူ ယူဆခဲ့သော ကျောင်းသားထု၏ နိုင်ငံရေးနိုးကြားမှု စိတ်ဓာတ်သည် တက္ကသိုလ် ပရဝုဏ်တစ်ခုလုံးတွင် ဖြန့်ကြက်လျက် ရှိသည်ကို ၁၉၇၄ ခုနှစ်တွင် ပေါ်ပေါက်ခဲ့သော ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်၏ ဈာပနတွင် လက်တွေ့သိခဲ့ရတော့သည်။

## ဦးသန့်အရေးအခင်း

စစ်အာဏာရှင် ဦးနေဝင်းလက်ထက်တွင် ပေါ်ပေါက်လာခဲ့သော ကျောင်းသားလှုပ်ရှားမှုများအနက် အရေးပါဆုံး ဖြစ်သော ဦးသန့် အရေးအခင်းကို ကောက်နုတ်ဖော်ပြရသော် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်သည် အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့တွင် နေထိုင်ရင်း ၁၉၇၄ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့တွင် ကွယ်လွန်ခဲ့ပါသည်။

ဦးသန့်၏ ဈာပနအား ကျန်ရစ်သူ မိသားစု၏ သဘောဆန္ဒအရ မိခင်တိုင်းပြည်သို့ ပြန်လည်ပို့ဆောင်၍ ကောင်းမွန်စွာ သင်္ဂြိုဟ်ရန် စီစဉ်ခဲ့ကြပါသည်။ ကမ္ဘာ့ကုလသမဂ္ဂကဲ့သို့ နိုင်ငံပေါင်းစုံ ပါဝင်သော အဖွဲ့အစည်းကြီး

mgyoe.com

mgyoe.com SAMPLE BOOK


၌ အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ခဲ့သော ဦးသန့်လို ပုဂ္ဂိုလ်ကြီး အတွက် မြန်မာပြည်မှ လူထုသည် ခမ်းနားကြီးကျယ်သော နိုင်ငံတော်ဈာပန အဖြစ် ကျင်းပလိုခြင်းသည် မွန်မြတ်သော ဂုဏ်ပြုမှုသာ ဖြစ်တော့သည်။ သို့ရာတွင် အာဏာရှင် ဦးနေဝင်း၏ စိတ်သဘောမှာ ပြောင်ပြောင်ကြီး ဆန့်ကျင် နေတော့၏။ ဤသည်ကား မနာလိုမှု၊ သဝန်တိုမှု၊ မစ္ဆရိယ ကြီးမားမှု၊ သူတစ်ပါး ဂုဏ်သတင်းကို ချေဖျက်လိုမှုတို့ကြောင့်ပင်။ ဦးသန့်လို ပုဂ္ဂိုလ်တစ်ဦးအား ကြီးကျယ်ခမ်းနားစွာ သင်္ဂြိုဟ်ပေးခြင်းဖြင့် နိုင်ငံတကာမှ ဧည့်သည်ကောင်းများ လာရောက်လေတိုင်း သွားရောက်ဂါရဝပြုကြမည်မှာ မြေကြီးလက်ခတ် မလွဲ ပါချေ။ ဤသည်ကို မရှုစိမ့်နိုင်သော ဦးနေဝင်းသည် ဦးသန့် ရုပ်ကလာပ် ရောက်ရှိလာချိန်တွင် မြင်းပြိုင်ကွင်းဟောင်း ကျိုက္ကဆံကွင်း တစ်နေရာ၌ မဏ္ဍပ် ငယ်တစ်ခုသာ ဆောက်လုပ်စေပြီး ကြက်ခြေနီလူငယ်တချို့ကို အစောင့်ချထား လိုက်ရုံမျှသာ ပြုလုပ်ပေးခဲ့သည်။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၁ ရက်နေ့တွင် ရောက်ရှိလာသော ဦးသန့်၏ ရုပ်ကလာပ်အား ဒီဇင်ဘာလ ၅ ရက်နေ့တွင် ကြံတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည့်အကြောင်း ပြည်သူလူထုကို ကြေညာခဲ့ပါသည်။

ပြည်သူလူထုသည် များစွာ စိတ်မချမ်းမမြေ့ ဖြစ်ရပါတော့သည်။ နိုင်ငံတော်ဈာပနအဖြစ် တခမ်းတနား ပြုလုပ်ပေးလိမ့်မည်ဟု ထင်မြင်ယူဆ ခဲ့သမျှ မထင်မရှားမျှသာ ပြုလုပ်ပေးမည်ကို သိရှိရချိန်တွင် မကျေနပ်မှုများ ပေါ်ပေါက်လာပါတော့သည်။ ဦးသန့်၏ ဂုဏ်သိက္ခာကို မထောက်မညှာ လုပ် ရက်လေခြင်းဟု ယူကျုံးမရ ဒေါသ ဆူဝေလာကြပါတော့သည်။

ထိုကိစ္စသည် တက္ကသိုလ်ပရဝဏ်နှင့် နိုင်ငံရေးအသိစိတ် နိုးကြားသော ကျောင်းသူကျောင်းသားများအတွင်း၌ ကြီးမားသော ခံပြင်းမှုများ ပေါ်ပေါက် စေပါတော့သည်။ အနာဟောင်းသည် တုတ်နှင့် ဆွခံရသကဲ့သို့ ၁၉၆၂ ခုနှစ်၊ စစ်အာဏာသိမ်းစဉ်က ဖြိုချခံရသော ကျောင်းသားသမဂ္ဂ၏ အတိတ်ဂယက်သည် ပြန်လည်နိုးထသက်ဝင်လာချေပြီ။

တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသူ ကျောင်းသားတို့သည် ခွပ်ဒေါင်းသွေးတို့ ဆူဝေလာခဲ့ပြီးနောက် ဈာပနမှ ကော်မတီများ ဖွဲ့စည်းပြီး ဈာပန လိုက်ပါပို့ဆောင်ရင်း နောက်ဆုံး ဂါရဝပြုရန် စီစဉ်ကြတော့သည်။ မူလအစီအစဉ်အရ ဘတ်စ်ကားများ ငှားရမ်း၍ ကျိုက္ကဆံကွင်း၌ စုရုံးပြုကာ

mgyoe.com

ရျာပနပို့ဆောင်ကြမည်ဟု ဆုံးဖြတ်၍ ဘတ်စ်ကားများ သွားရောက် ငှားရမ်းကြပါသည်။ သို့ရာတွင် အာဏာပိုင် အဖွဲ့အစည်းများမှ ညွှန်ကြားတားမြစ်ထားသောကြောင့် ဘတ်စကား အဖွဲ့အစည်းများက ငြင်းဆိုကြတော့သည်။ ဘတ်စ်ကားများ ငှားရမ်း၍ မရသောအခါ တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသူကျောင်းသားများ ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ်တွင် စုရုံးကာ ကျိုက္ကဆံကွင်းဆီသို့ ခြေလျင်ချီတက်ကြမည်ဟု အစီအစဉ် ရေးဆွဲကြပါတော့သည်။

အာဏာပိုင်တို့သည် ကျောင်းသားထု၏ လှုပ်ရှားမှုများကို မျက်ခြည်မပျက် စောင့်ကြည့်အကဲခတ်နေတော့သည်။ စစ်အာဏာရှင်တစ်ဦး၏ သူတစ်ပါး၏ ဂုဏ်သတင်းအပေါ် မနာလို မရှုစိမ့်မှုမှ စတင်ပေါ်ပေါက်လာခဲ့သော မီးတောက်သည် မည်မျှ ဆိုးဝါးခဲ့ရသည်ကို ဆက်၍ ကြည့်မြင်နိုင်ပါမည်။

ရျာပနအခမ်းအနားနေ့တွင် စက်မှုတက္ကသိုလ် ကျောင်းသားများသည် ငှားရမ်းရရှိခဲ့သော ဒေါ်ဂျစ်ကားများဖြင့် ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် စုရပ်ဆီသို့ သွားရောက်ကြပါတော့သည်။ ထိုနေ့သည်ကား ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာ ၅ ရက်နေ့ ဖြစ်သည်။ သမိုင်း၌ အမှတ်မှားသကဲ့သို့ ဖြစ်စေသည့် ကျောင်းသားသမဂ္ဂ ဖြိုခွဲခံရသည့် (7 July) သည်ကား ၁၉၆၂ ခုနှစ်၌ ဖြစ်ပွားခဲ့ခြင်းပင်။ ၁၉၇၄ ခုနှစ် ဦးသန့်အရေးအခင်းသည် ဒီဇင်ဘာ ၁ ရက်နေ့ ရုပ်ကလာပ်စတင်ရောက်ရှိလာသည်မှ အစပျိုးခဲ့ပြီး ရျာပနအခမ်းအနားနေ့ ဖြစ်သော ဒီဇင်ဘာ ၅ ရက်နေ့တွင် ကျောင်းသားထုကြီးသည် ရုပ်ကလာပ်ထားရှိရာ ကျိုက္ကဆံကွင်းဆီသို့ ခြေလျင်တစ်သွယ်၊ ကားဖြင့်တစ်မျိုး ချီတက်သွားခဲ့ကြပါသည်။

ရန်ကုန် ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ်ဝင်းတွင်းရှိ စုရပ်တွင် ကျောင်းသူကျောင်းသားထုတို့ စုဝေးရောက်ရှိလာကြပြီး ထောင်ပေါင်းများစွာသော ကျောင်းသားထုကြီးသည် ရျာပနအခမ်းအနားသို့ ချီတက်ခဲ့ကြသည်။ ခွပ်ဒေါင်းအလံတော်အောက်မှ ကျောင်းသားထုကြီးသည် ယဉ်ကျေးသိမ်မွေ့စွာဖြင့် စည်းကမ်းတကျ သုံးယောက်တွဲအလိုက် စီတန်းကာ ချီတက်ခဲ့ကြခြင်းပင်။ ရန်ကုန်စက်မှုတက္ကသိုလ်မှ ကားတစ်စီးထက်၌ အသံချဲ့စက် တပ်ဆင်လျက်–

"ကျွန်တော်တို့ ကျောင်းသားထုသည် ငြိမ်းချမ်းရေး ဗိသုကာကြီး ဦးသန့်၏ နောက်ဆုံးခရီးသို့ လိုက်ပါပို့ဆောင်ရန်နှင့် နောက်ဆုံးဂါရဝ ပြုလုပ်ရန် စည်းကမ်းတကျ ချီတက်လာကြောင်း ကြေညာပါသည်" ဟု ထုတ်လွှင့်လျက် ညီညာစွာ ချီတက်လာခဲ့ကြသည်။

mgyoe.com

ကျောင်းသားထု၏ ထုတ်လွှင့်ကြေညာချက်နှင့် ညီညာစွာ ချီတက်လာသည့် မြင်ကွင်းကြောင့် လမ်းဘေး ဝဲယာမှ ပြည်သူများ အားပါးတရ လက်ခုပ်လက်ဝါး တီးသူတီးကြ၊ သောက်ရေ၊ ဖီးကြမ်းငှက်ပျောသီးများ ကမ်းလှမ်းပေးရင်း ကြိုဆိုသူများက ကြိုဆိုကြသည်။ ကျောင်းသားထု၏ ငြိမ်းချမ်းစွာ ချီတက်လာမှုကို တစ်ခဲနက် ထောက်ခံအားပေးကြခြင်းပင်။

ထိုအချိန်မှာပင် ဦးသန့် ရုပ်ကလာပ် ထားရှိရာ ကျိုက္ကဆံကွင်းသည်လည်း လာရောက်ပို့ဆောင်ကြသည့် ရဟန်းရှင်လူ ပြည်သူများဖြင့် ကွင်းလုံးပြည့်လျှံနေတော့သည်။ ရုပ်ကလာပ် ထားရှိရာ မဏ္ဍပ်အတွင်း၌လည်း ဦးသန့်မိသားစု၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် သက်ဆိုင်ရာလူကြီးများ ရောက်ရှိနေရာယူထားကြပြီး ဖြစ်သည်။ ခွပ်ဒေါင်းအလံတော်အောက်မှ ညီညာဖြဖြ ချီတက်လာသော ကျောင်းသားထုကြီး ကျိုက္ကဆံကွင်းအတွင်းသို့ ဝင်ရောက်လာသောအခါ ရောက်ရှိနေသော ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ ရင်တွင်း၌ ကြည်နူးမှု၊ နိုးကြားမှု၊ ဂုဏ်ယူလေးစားမှုတို့ ပေါက်ဖွားလာကြပြီး ချီတက်လာသောကျောင်းသားထုကြီးအား အားပါးတရ လက်ခုပ်လက်ဝါး တီးကာ ကြိုဆိုဂုဏ်ပြုကြပါတော့သည်။ မိဘပြည်သူတို့၏ လက်ခုပ်သံများသည် မိုးသို့ပင်လျှံတက်၍ အရပ်ရှစ်မျက်နှာဆီသို့ ဖုံးလွှမ်းသွားပါတော့သည်။ ဈာပနမဏ္ဍပ်၏ ပတ်ပတ်လည်တွင် ရဟန်း ရှင်လူများ နေရာယူထားကြပြီး ချီတက်လာသော ကျောင်းသားထုသည် ရုပ်ကလာပ်၏ အရှေ့ဘက်ကွင်းပြင်တွင် နေရာယူလိုက်ကြသည်။

သည်အခိုက်အခါမှာပင် ပူပြင်းသော မွန်းလွဲနေအောက်၌ မေးခွန်းတစ်ရပ် ပေါ်ထွက်လာသည်ကား မတော်မတရားမှု၊ ဖိနှိပ်ချုပ်ချယ်မှု၊ အမှောင်တိုက်မှုတို့ကြားမှ ပေါ်ထွက်လာသော စစ်မှန်သည့်မေးခွန်းသာ ဖြစ်လာသည်။

"ဘာကြောင့်များ ဦးသန့်လို ပုဂ္ဂိုလ်ကြီး၏ ဈာပနကို ပြီးစလွယ် စီစဉ်ရသနည်း"

ယင်းမေးခွန်းသည် အလိုအလျောက် ပေါ်ထွက်လာခဲ့သော မေးခွန်းတစ်ရပ် ဖြစ်သည်။ မတရားမှုများကြားမှ တိုးထွက်လာသော မေးခွန်းတစ်ရပ်ဖြစ်သည်။ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသော ယင်းမေးခွန်းသည် ကျောင်းသားထုနှလုံးသားမှ မြစ်ဖျားခံကာ ရောက်ရှိလာကြသော ရဟန်းရှင်လူ မိဘပြည်သူများထံသို့ စီးဝင်သွားပါလေတော့သည်။ ထိုမေးခွန်းသည် စီးဝင်သည့် ရင်ခွင်တိုင်း

mgyoe.com

SAMPLE.BOOK

အား နာကြည်းခံခက်စေပါတော့သည်။ ကျောင်းသားထုကြီးသည် ရင်ထဲ၌ ခံစားရသည်ကို ဖွင့်ထုတ်လိုက်ပါတော့သည်။ ထိုအဖြစ်အပျက်ကား မည်သူမျှ ဟန့်တားနိုင်စွမ်းမရှိပါချေ။

"ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်အတွက် ဂူဗိမာန် ရရှိရေး ဒို့အရေး၊ ဒို့အရေး"

ဟူသော ကြွေးကြော်သံသည် ကွင်းလုံးလျှံမျှ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါလေပြီ။ ခွပ်ဒေါင်းသွေးတို့ ဆူဝေနိုးထလာကြလေပြီ။ ကျောင်းသားထုဟူသည် အမှန်တရားကို မြတ်နိုးကြသည်၊ ပွင့်လင်းရိုးသားကြသည်၊ ရဲရင့်ကြသည်၊ မတရားမှုကို ချက်ချင်း သိမြင်ခံစားနိုင်ကြသည်။ ထို့ကြောင့်ပင် ဈာပနအတွက် လှုပ်ရှားမှုများ လျင်မြန်စွာ ပေါ်ပေါက်လာပါတော့သည်။

ကျောင်းသားကိုယ်စားလှယ်များသည် အရေးပေါ် တိုင်ပင်ဆွေးနွေးကာ ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်အား ထိုက်သင့်သော ဂူဗိမာန် ရရှိရေးအတွက် ဆုံးဖြတ်ချက်ချမှတ်ကာ ဆောင်ရွက်ကြပါတော့သည်။ ထို့ကြောင့်-

"ငြိမ်းချမ်းရေးဗိသုကာကြီး ဦးသန့်၏ ဂူဗိမာန်ကြီး တည်ဆောက်ကြမည်။ ထိုက်တန်သော ဈာပနအခမ်းအနားဖြင့် သင်္ဂြိုဟ်မည်။ ယခုကဲ့သို့ ပြီးစလွယ် တည်ဆောက်ထားသော မဏ္ဍပ်၌ ထားရှိခြင်းအား လည်းကောင်း၊ ကြံတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခြင်းအားလည်း ကန့်ကွက်သည်"

ဟူ၍ ကြွေးကြော်ကြပါတော့သည်။ သည့်အတွက် သက်ဆိုင်ရာမိသားစုဝင်များထံ ခွင့်ပြုချက် တောင်းခံလိုက်ပါသည်။ ဦးသန့်၏ အစ်ကိုဖြစ်သူ ဦးခန့်အား အသံချဲ့စက် တပ်ဆင်ထားရာ ဒေါ်ဂျစ်ကားဆီသို့ ဖိတ်ခေါ်လိုက်ပါသည်။ ဦးခန့်က ယာယီစင်မြင့်သဖွယ် ဖြစ်သော ဒေါ်ဂျစ်ကားပေါ်သို့ တက်ရောက်၍ ကျောင်းသားထုကြီးအား စိတ်လိုက်မာန်ပါ မလုပ်ရန်၊ အစိုးရနှင့် ဆန့်ကျင်ပြီး မပြုလုပ်ရန်၊ နည်းစနစ် မှန်ကန်စွာ ဆောင်ရွက်ကြပါရန် တိုက်တွန်းပြောကြားသွားလေသည်။

ဈာပန ပို့ဆောင်ရန် ရောက်ရှိလာကြသော ရဟန်းရှင်လူ ပြည်သူများနှင့် ကျောင်းသားထုကြီးသည် ဦးသန့်၏ ရုပ်ကလာပ်အား တက္ကသိုလ်နယ်မြေရှိရာသို့ သယ်ဆောင်ရန် ကြွေးကြော်ကြပါတော့သည်။ ထို့နောက် မသက်ဆိုင်သူများ မဏ္ဍပ်အတွင်းမှ ဖယ်ရှားပေးပါရန် ကျောင်းသားကိုယ်စားလှယ်များက

mgyoe.com

mgyoe.com

SAMPLE BOOK


မေတ္တာရပ်ခံပြီးနောက် ရုပ်ကလာပ်အား တက္ကသိုလ်နယ်မြေသို့ တင်ဆောင်ရန် စတင်လှုပ်ရှားပါတော့သည်။

ဦးစွာပထမ ကျောင်းသားကိုယ်စားလှယ်များသည် ရုပ်ကလလပ်အား ပခုံးပြောင်း သယ်ယူကြပြီး လွမ်းသူ့ပန်းခွေ တင်ဆောင်ရာ ပစ်ကပ်ကား ခေါင်မိုးပေါ်သို့ တင်ကြပါသည်။ ထို့နောက် ရဟန်းသံဃာတော်များ ခြံရံလျက် ထောင်ပေါင်းများစွာသော ကျောင်းသားထုကြီးသည် တက္ကသိုလ်နယ်မြေသို့ ရုပ်ကလာပ်အား သယ်ဆောင်သွားကြတော့သည်။ လမ်းဘေး ဝဲယာတစ်လျှောက်တွင်လည်း ပြည်သူလူထုမှ အားပေးကြည့်ရှုနေကြပြီး ကျောင်းသားထု၏ ကြွေးကြော်သံများအား လက်ခုပ်သြဘာတီး၍ ကြိုဆိုကြတော့သည်။

တက္ကသိုလ်နယ်မြေရှိရာ အဓိပတိလမ်းမကြီးအတိုင်း ရုပ်ကလာပ်ကို သယ်ဆောင်လာခဲ့ကြပြီးနောက် ဘွဲ့နှင်းသဘင် အဆောက်အဦရှေ့တွင် ယာယီစင်မြင့် ပြုလုပ်ပြင်ဆင်ကြသည်။ တက္ကသိုလ်နယ်မြေ တစ်ခုလုံးသည်ကား ရောက်ရှိလာသော ရဟန်းရှင်လူများနှင့် ကျောင်းသားထုကြီးကြောင့် ပြည့်ကျပ်ကာ နေပါတော့သည်။ ကြွေးကြော်သံများသည်လည်း အဆက်မပြတ်ထွက်ပေါ်နေတော့သည်။

## ၁၂ နှစ်တာ ဒဏ်ရာ

အာဏာရှင် ဦးနေဝင်းသည် ၁၉၅၈ ခုနှစ်တွင် ဝန်ကြီးချုပ် ဦးနုလွှဲအပ်ခဲ့သော အိမ်စောင့်အစိုးရအဖြစ် တိုင်းပြည်အား အုပ်ချုပ်ခဲ့သည့် အချိန်ကပင် အာဏာ၏ အရသာကို ကောင်းစွာ မြည်းစမ်းခဲ့ပြီးလေပြီ။ ထို့ကြောင့်ပင် ဖဆပလအစိုးရအတွင်း ဝိဝါဒ ကွဲပြားကာ သွေးစည်းညီညွတ်မှု ပြိုကွဲနေသော ဝန်ကြီးချုပ် ဦးနုထံမှ ၁၉၆၂ ခုနှစ်တွင် အာဏာသိမ်းယူလိုက်ပြီး တိုင်းပြည်ကို လက်ဝါးကြီးအုပ်ရန် ဘက်ပေါင်းစုံ ဖိနှိပ်အုပ်ချုပ်ပါတော့သည်။

အာဏာ သိမ်းယူပြီးသည်နှင့် ၁၉၆၂ ခုနှစ် ဇူလိုင် ၇ ရက်နေ့တွင် တိုင်းပြည်၏ အနာဂတ်မျိုးဆက်တို့ မွေးဖွားပေးရာ ကျောင်းသားသမဂ္ဂ အဆောက်အဦအား ဖြိုခွဲလိုက်ပါတော့သည်။ နှောင်နှစ်ပေါင်းများစွာ ကြာသောအခါ ၄င်း၏အပြစ်ကို ကိုယ်လွတ်ရုန်းနိုင်မည် ထင်သည့် နောက်ဆုံး မိန့်ခွန်းပြောကြားရာတွင် ကျောင်းသားသမဂ္ဂအား ဗုံးခွဲသူမှာ သူ မဟုတ်ပါဘဲ၊ ထိုစဉ်က လုပ်ဖော်ကိုင်ဖက်ဖြစ်သည့် ဗိုလ်မှူးချုပ်အောင်ကြီး၏ အစီအမံသာ ဖြစ်ကြောင်း ပြောကြားခဲ့ပါ

mgyoe.com

သည်။ သို့ဆိုလျှင် နှစ်ပေါင်း ဤမျှ ကြာရှည်သောကာလ ရောက်ခါမှ အဘယ် ကြောင့် ဖွင့်ပြောရသနည်း။ သူ့အနေဖြင့် တိုင်းပြည် အုပ်ချုပ်နေစဉ် ကာလအတွင်း ကျောင်းသားသမဂ္ဂ အဆောက်အဦအား ဘာကြောင့် ပြန်မဆောက်ပေးခဲ့သနည်း။ သူ ဆန္ဒရှိလျှင် ပြန်ဆောက်နိုင်သည် မဟုတ်လော။ ဤသည်ကား ရိုးရှင်းသော မေးခွန်းမျှသာ ဖြစ်ပါသည်။

၁၉၇၄ ခုနှစ်တွင် ဖြစ်ပွားသော ဦးသန့် အရေးအခင်းကို ဆက်လက် လေ့လာမည် ဆိုပါက သူသည် သမိုင်းတရားခံ ဖြစ်သည် ဆိုသော အချက်ကို ရှောင်လွှဲနိုင်မည် မဟုတ်ပါချေ။

တက္ကသိုလ်နယ်မြေအတွင်းသို့ ရုပ်ကလာပ်အား သယ်ယူလာကြပြီး နောက် ဘွဲ့နှင်းသဘင် ခန်းမရှေ့တွင် ဂါရဝပြုကြပါသည်။ ထို့နောက် ရဟန်း သံဃာတော်များ ခြံရံလျက် ရုပ်ကလာပ်အား ဘွဲ့နှင်းသဘင် ခန်းမအတွင်းသို့ သယ်ဆောင်ကာ ခန်းမ၏ စင်မြင့်ပေါ်တွင် ထားရှိလိုက်ကြသည်။ အရေးပေါ် ဈာပနကော်မတီ ဖွဲ့စည်းပြီး ဘွဲ့နှင်းသဘင်ခန်းမရှေ့ မြက်ခင်းပြင်ပေါ်တွင် ကျောင်းသားများ နေရာယူကာ ကားခေါင်မိုးပေါ်မှနေ၍ ကျောင်းသားတစ်ဦး ချင်း မိန့်ခွန်း ပြောကြားကြပါသည်။ လွန်ခဲ့သော ၁၂ နှစ်ကာလဆီက ဖြိုခွဲခံခဲ့ ရသော ကျောင်းသားသမဂ္ဂ၏ အနာဟောင်းတို့နှင့် ဖိနှိပ်ချုပ်ချယ်ကာ မတရား အာဏာ သိမ်းပိုက်ခဲ့သော ဦးနေဝင်းအစိုးရအပေါ် မကျေနပ်မှုများ ကိုယ်စီ ကိုယ်စီ ဖွင့်ဟကြလေတော့သည်။ နိုင်ငံရေး နိုးကြားမှုများကို ဖွင့်ထုတ် ဟစ်ကြွေးကြပါတော့သည်။ တစ်ဦးပြီးတစ်ဦး ဖွင့်ဟပြောကြားလာသော ခံစား ချက်များကြောင့် နားထောင်နေကြသော ပရိသတ်အပေါင်းမှာ လက်ခုပ်သံ မစဲအောင် အားပေးကြပါတော့သည်။

၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်နေ့တွင် ရန်ကုန်မြို့တစ်ဝိုက်မှ ရဟန်းရှင်လူ ပြည်သူအများသည် ဦးသန့်၏ ရုပ်ကလာပ်အား တက္ကသိုလ် နယ်မြေတွင် ထားရှိလျက်ရှိကြောင်း သတင်းပျံ့နှံ့မှုကြောင့် လာရောက်ဂါရဝ ပြုကြတော့သည်။ ဘွဲ့နှင်းသဘင်ခန်းမ၏ စင်မြင့်ပေါ်ရှိ အသံချဲ့စက်မှ ရဲဝံ့ ပြောင်မြောက်စွာ တစ်ဦးပြီးတစ်ဦး မိန့်ခွန်း ပြောကြားနေသော ကျောင်းသားတို့ ကြောင့် လာရောက် ဂါရဝပြုကြသော မိဘပြည်သူအပေါင်းတို့သည် ဘွဲ့နှင်း သဘင်ခန်းမ ခန်းလုံးပြည့်အထိ ထောက်ခံအားပေးလျက် ရှိတော့သည်။

mgyoe.com

mgyoe.com SAMPLE BOOK

ယာယီစျာပနကော်မတီမှ ဦးသန့်စျာပနအား အစိုးရအနေဖြင့် နိုင်ငံတော်စျာပနအဖြစ် ပြုလုပ်ပေးရန် တောင်းဆိုလွှာ တင်သွင်းလိုက်ပြီ ဖြစ်ကြောင်း၊ ညနေ ၄ နာရီမတိုင်မီ ပြန်ကြားချက် တစ်စုံတစ်ရာ မရရှိပါက ကျောင်းသားများသည် ပြည်သူလူထု၏ အကူအညီနှင့် မိမိတို့ဘာသာ စျာပန အခမ်းအနားပြုလုပ်မည် ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး ဂူဗိမာန် တည်ဆောက်မည် ဖြစ်ကြောင်း ကြေညာချက် ထုတ်ပြန်လိုက်ပါသည်။

ထိုကြေညာချက်ကြောင့် လက်ခုပ်လက်ဝါးသံများ အုန်းအုန်းကျွက်ကျွက် ညံကာ အားပေးထောက်ခံကြတော့သည်။

ကျောင်းသားထု၏ တောင်းဆိုချက်သည် မည်သည့် အကျိုးအမြတ်မှ မပါသည်ကို သိသာထင်ရှားစေတော့သည်။ ဦးနေဝင်း အစိုးရအနေဖြင့် လွယ်လင့်တကူ လိုက်လျောမည် ဆိုပါက လိုက်လျောနိုင်သော တောင်းဆိုချက်ပင် ဖြစ်သည်။

ကျောင်းသားထုကြီးသည် အစိုးရထံမှ ပြန်ကြားချက်ကို ညနေလေးနာရီအထိ ဆက်လက်စောင့်စားရင်း စင်မြင့်ထက်ဆီမှ တစ်ဦးချင်း မိန့်ခွန်းပြောကြားကြသည်။ ညနေ ၄ နာရီထိုးချိန်အထိ အစိုးရထံမှ ပြန်ကြားချက်တစ်စုံတစ်ရာ မရရှိပါချေ။ ထို့ကြောင့် ယာယီစျာပနကော်မတီမှ ကျောင်းသားများနှင့်စျာပနအခမ်းအနားသို့ ရောက်ရှိလာကြသော ရဟန်းသံဃာတော်များ၊ မိဘပြည်သူများ သဘောတူ ညှိနှိုင်းကာ ၁၉၆၂ ခုနှစ်၊ ဇူလိုင် ၇ ရက်နေ့က ဖြိုခွဲခံခဲ့ရသော ကျောင်းသားသမဂ္ဂ အဆောက်အဦ မြေနေရာ၌ ဦးသန့်အတွက် အုတ်ဂူတည်ဆောက် သင်္ဂြိုဟ်ရန်နှင့် ငြိမ်းချမ်းရေး ဂူဗိမာန် တည်ဆောက်ရန် ဆုံးဖြတ် အကောင်အထည်ဖော်ကြတော့သည်။

အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရန်ကုန် စက်မှုတက္ကသိုလ် ဗိသုကာဌာနနှင့် မြို့ပြဌာနမှ ကျောင်းသားများက အုတ်ဂူနှင့် ယာယီဂူဗိမာန်အတွက် ပုံစံ ရေးဆွဲပေးပြီး စျာပနအခမ်းအနားသို့ တက်ရောက်လာကြသော ရဟန်းသံဃာတော်များ၊ မိဘပြည်သူများ၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်၊ ဆေးတက္ကသိုလ်၊ ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် အသီးသီးမှ ကျောင်းသားကျောင်းသူများက ဂူဗိမာန်အတွက် မြေနေရာကို ရှင်းလင်းဖယ်ရှားကာ

mgyoe.com

SAMPLE BOOK

လုပ်အားပေးကြပါသည်။ ပါဝင်လုပ်အားပေးကြသော ရဟန်းရှင်လူ ပြည်သူ အပေါင်းနှင့် ကျောင်းသူကျောင်းသား အပေါင်းတို့သည် ဤနေရာသည်ကား လွန်ခဲ့သော ၁၂ နှစ်က ဖြိုခွဲခံခဲ့ရသော ကျောင်းသားသမဂ္ဂ မြေနေရာပါလား ဆိုသည်ကို ခံစားသိရှိကြရပြီး၊ သမိုင်းကြောင်းကို နားလည်သူများက စင်မြင့် ထက်တွင် ပြောကြားခဲ့ကြသည့်အတွက် ကျောင်းသားသမဂ္ဂ အဆောက်အဦ ဆိုသည်မှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တိုင်းပြည် လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ခဲ့ကြသော သူရဲကောင်းတို့၏ နိုင်ငံရေး ဇာတိသွေး၊ ဇာတိမာန်တို့ နိုးထရှင်သန်ခဲ့ရာ နေရာဌာနဟူသည်ကို သိရှိလာကြ ရသည်။ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းပင်လျှင် ကျောင်းသား သမဂ္ဂ ဥက္ကဋ္ဌအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသော သမိုင်းဝင်နေရာ ဖြစ်သည်ကို လည်း ကြားသိလာရတော့သည်။

ဒီဇင်ဘာလ ၇ ရက်နေ့တွင် ဦးသန့်မိသားစု ပါဝင်သော အရေးပေါ် အစည်းအဝေးတစ်ရပ်ကို မန္တလေးဆောင်၌ ကျောင်းသားများ၊ သံဃာတော်များနှင့် ကျင်းပခဲ့ကြသည်။ အဖွဲ့ဝင် ၁၁ ဦး ပါဝင်ကြသည်။ ဦးသန့်၏ ညီဖြစ်သူ ဦးသောင်းထံမှ ရန်ကုန်တိုင်း ပြည်သူ့ကောင်စီမှ ပေးပို့လိုက်သော စာတစ်စောင် ပါလာခဲ့သည်။ ယခု ဖြစ်ပေါ်နေသော အရေးကိစ္စနှင့် ပတ်သက်၍ အုတ်ဂူ တည်ဆောက်ရေးနှင့် ဂူဗိမာန် တည်ဆောက်ရန်အတွက် ကန်တော်မင်ပန်းခြံတွင် နေရာပေးမည်ဟု ပါရှိလာခဲ့သည်။ လက်ရှိဖြစ်ပေါ်နေသော အရေးအခင်း၌ ပါဝင်ပတ်သက်နေသည့် ကျောင်းသားများကို ဖမ်းဆီး အရေးယူမည် မဟုတ် ကြောင်း ပါရှိသည်။ ဦးသောင်းကလည်း ရုပ်ကလာပ်အား အမြန်ဆုံး သင်္ဂြိုဟ်လို ပါကြောင်း တင်ပြလာခဲ့သည်။ ဒီဇင်ဘာလ ၈ ရက်နေ့၊ နေ့လယ် ၁၂ နာရီ အချိန်၌ သင်္ဂြိုဟ်လိုကြောင်း ပြောကြားလာခဲ့သည်။

ထိုကိစ္စအား အဖွဲ့ဝင် ၁၁ ဦးတို့ မဲခွဲ၍ ဆုံးဖြတ်ကြပါသည်။ ဦးသန့်၏ ရုပ်ကလာပ်အား ကျောင်းသားသမဂ္ဂ မြေနေရာဟောင်းတွင် အုတ်ဂူ ပြုလုပ်ကာ သင်္ဂြိုလ်ပြီး၊ ဂူဗိမာန်တည်ဆောက်ရေးနှင့် ကန်တော်မင်ပန်းခြံ၌ အုတ်ဂူ ပြုလုပ် ကာ ဂူဗိမာန် တည်ဆောက်ရေး အဆို (၂) ရပ်အား မဲခွဲဆုံးဖြတ်ကြခြင်း ဖြစ်သည်။ မဲခွဲဆုံးဖြတ်ပြီးသောအခါ အများထုအား ချပြ၍ သဘောတူညီမှု ရယူရမည် ဖြစ်ကြောင်း သဘောတူညီချက် ယူခဲ့ကြသည်။ ထို့နောက် မဲခွဲ

mgyoe.com

mgyoe.com  SAMPLE BOOK 

ဆုံးဖြတ်ရာတွင် ကန်တော်မင်ပန်းခြံ၌ အုတ်ဂူနှင့် ဂူဗိမာန် တည်ဆောက်ရန် ဟူသော အဆိုတက်မှ ပါဝင်သည့် ဦးသန့်၏ ညီဖြစ်သူ ဦးသောင်း၊ သားသမက် ဖြစ်သူ ဒေါက်တာတင်မြင့်ဦး အပါအဝင် မဲခုနစ်မဲရရှိကြသည်။ ထိုအဆိုအား ရောက်ရှိနေကြသော ကျောင်းသားထုနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းအား တင်ပြသောအခါ မူလသတ်မှတ်ထားသည့် အဆိုကိုပင် အားလုံးက ခြွင်းချက်မရှိ တောင်းဆိုနေကြသည့်အတွက် ကျောင်းသားသမဂ္ဂ အဆောက်အဦ မြေနေရာ ဟောင်း၌ပင် ရုပ်ကလာပ်အတွက် အုတ်ဂူနှင့် ငြိမ်းချမ်းရေးဂူဗိမာန် တည်ဆောက် ရန် တောင်းဆိုကြတော့သည်။

ထို့ကြောင့် ဈာပနကော်မတီမှ တည်ဆောက်ရေး အကောင်အထည် ဖော်နိုင်ရန်အတွက် ကျောင်းသားကျောင်းသူများ အဓိပတိလမ်းမပေါ် ထွက်၍ အလှူငွေ ကောက်ခံကြသည်။ အုတ်ဂူနှင့် ငြိမ်းချမ်းရေး ဂူဗိမာန်အတွက် တစ်ယောက် တစ်လက် လုပ်အားပေးကာ စာကြည့်တိုက် အဆောက်အဦမှ အုတ်ချပ်များကို လက်ဆင့်ကမ်း သယ်ယူကြတော့သည်။ မိဘပြည်သူများသည်လည်း ကြီးကြီး ငယ်ငယ်မရွေး ပါဝင်လုပ်အားပေးကြပါတော့သည်။ ထိုသို့ လုပ်အားပေးကြ သော ပြည်သူများ၊ ကျောင်းသားများအတွက် ရန်ကုန်မြို့ထဲရှိ ရပ်ကွက်များဆီမှ ကမ်းဆင့်လာသော ထမင်းထုပ်များ၊ အလှူငွေများ တဖွဲဖွဲ ရောက်ရှိလာကြပါ တော့သည်။

အုတ်ဂူ တည်ဆောက်ပြီးသည်နှင့် ဦးသန့်၏ ရုပ်ကလာပ်အား ပခုံး ပြောင်း သယ်ဆောင်ကြပြီး ကျောင်းသားထုနှင့် ရဟန်းပြည်သူအပေါင်းတို့၏ ရှေ့မှောက်မှာပင် ဂူသွင်းကာ သင်္ဂြိုဟ်လိုက်ကြပါသည်။ အုတ်ဂူအား ပိတ်ဆို့ ပြီးသည်နှင့် အောင်ပြီ၊ အောင်ပြီ၊ အောင်ပြီ ဟူသော ကြွေးကြော်သံကြီး မြည်ဟည်း ကာ ထွက်ပေါ်လာပါတော့သည်။

ထို့နောက် သံဃာတော်များမှ ပရိတ်တရားတော်များ ချီးမြှင့်ကြပါ သည်။ ဦးသန့် အုတ်ဂူအတွက် အသေခံတပ်ဖွဲ့များ ဖွဲ့စည်းပြီးနောက် ကမ္ဘာ့ ကုလသမဂ္ဂ အလံတော်နှင့် အုတ်ဂူကို လက်ယာရစ် သုံးပတ် ပတ်ပြီး အလေးပြု ကြပါသည်။ ထို့နောက် အလံတော်ကို အုတ်ဂူထက်တွင် လွှမ်းခြုံထားလိုက်ပါ တော့သည်။ ငြိမ်းချမ်းရေး ဂူဗိမာန် တည်ဆောက်ရန်အတွက် ဆက်လက် စိုင်းပြင်းကြပါတော့သည်။

mgyoe.com

## အာဏာပိုင်များဘက်မှ တုံ့ပြန်ချက်

ဦးသန့်၏ ရုပ်ကလာပ်အား ကျောင်းသားထုမှ ဦးဆောင်ကာ ရဟန်းရှင်လူ ပြည်သူအပေါင်းတို့ စုပေါင်း၍ တက္ကသိုလ်နယ်မြေ ကျောင်းသားသမဂ္ဂ အဆောက် အဦ မြေနေရာပေါင်း၌ အုတ်ဂူနှင့် ဂူဗိမာန် တည်ဆောက်ရန် လုံးပန်းနေ မှုအပေါ် အစိုးရဘက်မှ အာဏာပိုင်များသည် ကျောင်းသားထုအတွင်း အုတ်ဂူအား အသေခံတပ်ဖွဲ့ ဖွဲ့စည်း၍ နေ့ ည မပြတ် ကာကွယ်ထားသည်ကို ကြားသိထားပြီးလေပြီ။

ထို့ကြောင့် အစိုးရဘက်မှ ကြေညာချက် ထုတ်လာသည်မှာ ကျောင်းသား များသည် ဦးသန့်မိသားစု၏ ဆန္ဒကို ငြင်းပယ်ကာ မိမိတို့ သဘောဆန္ဒဖြင့် အုတ်ဂူ တည်ဆောက်ကြကြောင်း၊ အုတ်ဂူ တည်ဆောက်ရာတွင် စာကြည့်တိုက် အဆောက်အဦအတွက် ထားရှိသော ဆောက်လုပ်ရေးပစ္စည်းများကို ခွင့်ပြုချက် တစ်စုံတစ်ရာ မတောင်းခံဘဲ သုံးစွဲခဲ့ကြကြောင်း၊ ဤသည်မှာ ပြည်သူပိုင်ပစ္စည်း များ ဖျက်ဆီးမှု ဖြစ်ကြောင်း၊ သည့်အတွက် ပြည်သူ့ဆောက်လုပ်ရေး ကော်ပို ရေးရှင်းမှ အရေးယူပေးပါရန် တိုင်တန်းစာပို့ထားကြောင်း ကြေညာပါတော့ သည်။

ထိုကြေညာချက်ကြောင့် ကျောင်းသားထုနှင့် ပြည်သူတို့မှာ ပို၍ သွေးစည်းညီညွတ်လာကြတော့သည်။ နိုင်ငံရေး ဝါရင့်သော ပုဂ္ဂိုလ်များထံမှ စိုးရိမ်ပူပင်သော ခန့်မှန်းချက်များ ထွက်ပေါ်လာကြသည်။ ဦးနေဝင်း၏ အမြစ် ဖြုတ် သုတ်သင်ရေးကို ရိပ်စားမိကြသဖြင့် ကျောင်းသားထုအပေါ် စိုးရိမ်လာခဲ့ ကြသည်။ အာဏာရှင်ဟူသည် မိမိအာဏာနှင့် ဂုဏ်သိက္ခာကို ထိပါးလာသည့် အခါ လက်နက်အားကိုး၍ ဖြေရှင်းစမြဲ၊ ဉာဏ်နီဉာဏ်နက် သုံးကာ အကွက်ချ လုပ်ဆောင်မြဲ ဆိုသည်ကို သမိုင်းချီ၍ သိခဲ့ကြသည်မို့ ကျောင်းသားထုအတွက် စိတ်မအေးနိုင်အောင် ဖြစ်လာကြတော့သည်။

ထိုသို့ စိုးရိမ်သည့်အတိုင်းပင် ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ဦးနေဝင်း၏ ညွှန်ကြားချက်ဖြင့် လက်နက်ကိုင်တပ်များသည် တက္ကသိုလ် ပရဝဏ်အား ဝန်းရံ လိုက်ကြတော့သည်။ လက်နက်ကိုင်တပ်များသည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာသိပ္ပံ နယ်မြေတစ်ခုလုံးကို ဝန်းရံပိတ်ဆို့ကာ ဝင်ပေါက် ထွက်ပေါက်များကိုပါ ပိတ်ဆို့ လိုက်ကြတော့သည်။ ဒီဇင်ဘာ ၁၁ ရက်နေ့၊ မနက် ၂ ချက်တီးအချိန်တွင် ကျောင်းသားများနှင့် ဆန္ဒပြသူများ အိပ်မောကျနေခိုက် ပင်မဝင်ပေါက်တံခါးကြီး

mgyee.com

အား ကရိန်းကားဖြင့် တွန်းဖွင့်ကာ ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ဖမ်းဆီးပါတော့သည်။ ဘွဲ့နှင်းသဘင် ခန်းမဝန်းကျင်အား မီးမောင်းများထိုး၍ ရဲများက ဒိုင်းကာများ၊ လက်ကိုင်တုတ်များဖြင့် ဝင်ရောက်လာကြပြီး မျက်ရည်ယိုဗုံးများကို အသုံးချကာ လူစုခွဲပါတော့သည်။ ထို့နောက် မြေတူးစက်များဖြင့် ဦးသန့်၏ အုတ်ဂူအား ဖြိုချကာ ရုပ်ကလာပ်ကို လုယူကြပြီး မော်တော်ကားဖြင့် တင်ဆောင်၍ ကန်တော်မင်ပန်းခြံသို့ သယ်ဆောင်သွားကြသည်။ ထိုပန်းခြံမှာပင် ညတွင်းချင်း မြှုပ်နှံလိုက်ပါတော့သည်။

ထိုကဲ့သို့ ဝင်ရောက်စီးနင်းမှုကြောင့် ကျောင်းသားများ ထိခိုက်ဒဏ်ရာရကာ သေဆုံးခဲ့ကြရသည်။ တွေ့သမျှ ရဟန်းသံဃာများ၊ ကျောင်းသားများ၊ အရပ်သားများအား အချုပ်ကားပေါ်သို့ ဖမ်းဆီးခေါ်ဆောင်ကြသည်။ လက်နက်မဲ့ ရဟန်းရှင်လူများအား တရကြမ်း ရိုက်နှက်ကြသည်။ အချုပ်ကားပေါ်သို့ ဖမ်းဆီးခေါ်ဆောင်ပြီးနောက် အင်းစိန် အကျဉ်းထောင်ဆီသို့ ညတွင်းချင်းပင် ပို့ဆောင်ခဲ့ကြသည်။ စစ်ကားများကို အသုံးပြုခဲ့ကြပြီး ဖမ်းဆီးခံရသူများအား ပုဆစ်ဒူးတုပ်၊ လက်နှစ်ဖက်ကို ခေါင်းပေါ်တင်၊ ခေါင်းကို ငုံ့ထားစေပြီး စစ်သားများက သေနတ်များဖြင့် ချိန်ရွယ်ကာ ခေါ်ဆောင်ခဲ့ကြသည်။ နာရီပြန် ၂ ချက်အချိန်မှ စတင်၍ ဖမ်းဆီးခဲ့သည်မှာ မနက် ၈ နာရီအချိန်ထိပင် ဖြစ်တော့သည်။

## လူထု၏ တုံ့ပြန်မှု

လက်နက်မဲ့ဖြင့် ငြိမ်းချမ်းစွာ ဆန္ဒပြခဲ့သော ကျောင်းသားထုနှင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အား ညတွင်းချင်း အဓမ္မရိုက်နှက် ဖမ်းဆီးခေါ်ဆောင်သော သတင်းသည် ရန်ကုန်မြို့တွင်းသို့ တစ်မုဟုတ်ချင်း ပျံ့နှံ့သွားပါတော့သည်။ လက်နက်ကိုင်တပ်များဖြင့် ဝင်ရောက်ရိုက်နှက် ဖမ်းဆီးသည့်အတွက် မခံမရပ်နိုင်ကြသော မြို့လူထုသည် ချက်ချင်းပင် စုဝေးကာ နံနက် (၈း၃၀) အချိန်မှစ၍ နေရာအနှံ့ ဆန္ဒပြမှုများ ပေါ်ထွက်လာပါတော့သည်။

အာဏာရှင်အစိုးရသည်ကား သွေးဆာနေသည့်အားလျော်စွာ လက်နက်ကိုင်တပ်များ စေလွှတ်၍ ဆန္ဒပြနေသူအပေါင်းကို ရက်ရက်စက်စက် ပစ်ခတ်နှိမ်နင်းပါတော့သည်။ ရန်ကုန်မြို့အား စစ်တလင်းကဲ့သို့ မှတ်ယူကာ တင့်ကားများ၊ စစ်တပ်သုံးကားကြီးများဖြင့် လှည့်လည်ကာ ဆန္ဒပြသူများအား ပစ်ခတ်နှိမ်နင်းပါတော့သည်။ ဆန္ဒပြသူများသည် ပို၍ အမျက်ဒေါသထွက်လာကြပြီး

mgyoe.com

SAMPLE BOOK


ဆိုရှယ်လစ်ပါတီ၏ ယူနစ်ရုံးများ၊ ရဲစခန်းများ၊ ရုပ်ရှင်ရုံများအား မီးရှို့ ဖျက်ဆီးကြတော့သည်။

လက်နက်ကိုင်တပ်များ၏ ပစ်ခတ်နှိမ်နင်းမှုကြောင့် ဆန္ဒပြမှုများ ပြိုကွဲသွားပြီးနောက် စစ်ထောက်လှမ်းရေးအဖွဲ့များသည် ရှာပုံ အရေးအခင်းတွင် ပါဝင်ခဲ့သည့် ကျောင်းသားများနှင့် ရဟန်းသံဃာတော်များပါ မကျန် လိုက်လံဖမ်းဆီးကာ ပုဒ်မအမျိုးမျိုး သုံးစွဲ၍ ထောင်သွင်းအကျဉ်းချကြပါတော့သည်။ ဖမ်းဆီးခံရသူများ မည်သို့မည်ပုံ ညှဉ်းပန်းနှိပ်စက်ခံရသည်ကို ယနေ့ ပြန်လည်ဖော်ပြနေသော စာအုပ်စာစောင်များ၌ လေ့လာနိုင်ပါသည်။ ဤသည်ကား ဦးနေဝင်း အာဏာသိမ်းပိုက်ပြီး ၁၂ နှစ်အကြာတွင် ဖြစ်ပေါ်ခဲ့သော ဦးသန့် အရေးအခင်း၏ သမိုင်းစာမျက်နှာတချို့အဖြစ် လည်းကောင်း၊ ကျောင်းသား လှုပ်ရှားမှု၏ အခန်းကဏ္ဍ တချို့အဖြစ် လည်းကောင်း တင်ပြရခြင်း ဖြစ်ပါတော့သည်။

*ကိုးကား။*  *စက်မှုတက္ကသိုလ်စိုးဝင်း၏ ဦးသန့်အရေးအခင်း*
*ဟစ်တိုင်၊ www.hittaing.org*

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း-၃

တိုင်းပြည်တစ်ပြည် တည်ဆောက်ရာတွင် လည်းကောင်း၊ စနစ်တစ်ခု ထူထောင်ရာတွင် လည်းကောင်း ရှေ့ဦး ဆိုခဲ့သလို ခေါင်းဆောင်၊ အကြံပေး၊ နောက်လိုက်နှင့် ကပ်ပါးဟူသော ပရိသတ်အင်္ဂါ လေးပါး ပူးတွဲ ပါဝင်စမြဲပင် ဖြစ်သည်။ သို့ဖြစ်၍ ခေါင်းဆောင်၏ကဏ္ဍသည် မည်မျှအရေးကြီးသည်ကို အထူးပြောဖို့ မလိုပါချေ။

စစ်အာဏာရှင် ဦးနေဝင်းသည် အဘက်ဘက်မှ ပြိုကွဲလျက်ရှိသည့် တိုင်းပြည်ကြီးအား တိုင်းသစ်ပြည်သစ်ကြီး ဖြစ်ရန် ရည်ရွယ်၍ ကာကွယ် ထိန်းသိမ်းခဲ့ရသည်ဟူသော စကားရပ်ကို ပြောလိုကား ပြောနိုင်ပါသည်။ ထိုသို့ ထိန်းသိမ်းကာကွယ်ခဲ့ပြီးနောက် မည်သို့သော စိတ်နေစိတ်ထားဖြင့် တိုင်းသစ် ပြည်သစ်တည်ဆောက်ပါသနည်း။ မည်သို့သော နောက်လိုက်များ၊ ပညာရှင်များ၊ ကပ်ပါးများ လက်ကိုင်ပြု၍ ပြည်သူလူထု၏ လူမှုဘဝများကို ပြည့်ဝချမ်းသာအောင် ဖန်တီးခဲ့ပါသနည်း။ ၂၆ နှစ်ဟူသော အချိန်ကာလအတွင်း ဆင်းရဲနုံချာကာ ကမ္ဘာ့အလယ်တွင် အဘက်ဘက်မှ နိမ့်ကျလာရသော အဖြေကို မည်သို့ဆင်ခြေပေးပါမည်နည်း။

mgyoe.com

အာဏာရှင်ဟူသည် မိမိနှင့် ပခုံးချင်း ယှဉ်မည့်သူမှန်သမျှ တွန်းလှန်ဖြိုလှဲခြင်းဖြင့်သာ လက်တုံ့ပြန်စမြဲ ဖြစ်သည့်နည်းဟု ဦးနေဝင်း လက်ထက်တွင်လည်း ပြိုင်ဘက်ဟု ယူဆသော လုပ်ဖော်ကိုင်ဖက်များကို ဖြစ်စေ၊ အရည်အချင်းရှိသော နောက်လိုက်ကောင်းများကို ဖြစ်စေ အကြောင်းပြချက် မျိုးစုံဖြင့် ဖိနှိပ်ကာ နှိပ်ကွပ်ပစ်လာခဲ့သည့် သာဓကပေါင်း မြောက်မြားစွာ တင်ကျန်ခဲ့တော့သည်။ ဤစရိုက်လက္ခဏာကြောင့်ပင် နောက်လိုက်များအတွင်း၌ မိမိရာထူးတည်မြဲရေးအတွက် ခေါင်းဆောင်၏ အငြိုအငြင် မခံရစေရန် မည်မျှမှားမှား၊ တိုင်းပြည်နှင့် လူမျိုးအတွက် အဘယ်မျှ အကျိုးမဲ့မဲ့ ရေငုံနှုတ်ပိတ်မျက်နှာလွှဲခဲ့ပစ် လုပ်လာကြတော့သည်။ မည်သို့မျှ အလုပ်မဖြစ်သည့် နှစ်ရှည်စီမံကိန်းကြီးများအား အောင်မြင်ပါသည်၊ အဆင်ပြေပါသည်၊ အကျိုးရှိပါသည်ဟု လိမ်ညာလှည့်ဖြားရင်း တိုင်းပြည်အား ချောက်ကမ်းပါးဆီသို့ တွန်းပို့ကြသည့် အမာခံ နောက်လိုက်ဆိုး များစွာတို့ ပေါ်ပေါက်လာကြပါတော့သည်။

လေးနှစ် တစ်ကြိမ် ကျင်းပသော လွှတ်တော်ရွေးကောက်ပွဲများတွင် သက်ဆိုင်ရာ ပါတီဝင်များ၊ ပြည်နယ်အမတ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပါတီကေဒါများ၊ ယူနစ်အသီးသီးမှ ရာထူးရာခံများသည် မိမိဆက်လက်တည်မြဲရေးအတွက် လာဘ်ထိုး၍ တစ်မျိုး၊ စာရင်းအင်းများ လိမ်ညာ လှည့်ဖြား၍ တစ်မျိုး၊ တကယ်မမြတ်သည့် ကုန်ထုတ်လုပ်မှုများအား အမြတ်များစွာရရှိပါသည်ဟူ၍ တစ်ဖုံ၊ လယ်ယာစိုက်ပျိုးရေးများ ကမ္ဘာ့စံချိန်မီထွက်ရှိနေပြီးပြည်သူလူထုကြီး၏ စားဝတ်နေရေးမှာ အထူးအဆင်ပြေ ချောမွေ့ကာ၊ လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး၏ လမ်းညွှန်မှုအောက်တွင် ငြိမ်းချမ်းပျော်ရွှင်သော တိုင်းပြည်ကြီး ဖြစ်နေသယောင်ယောင် လှည့်ဖြားကြပါတော့သည်။

ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သော သမဝါယမ အသင်းအဖွဲ့များနှင့် ကျေးရွာရပ်ကွက်နေ ပြည်သူများ၏ လက်တွေ့ဆက်ဆံရေး အခြေအနေမှာ အထက်မှ လူကြီးများ ကြားသိရသည်ထက် အဆများစွာ ဆိုးဝါးနေသည့်တိုင် မဆလပါတီကြီးသည် ခေါင်းမော့ရင်ကော့ကာ ခရီးဆက်ခဲ့သည်။

လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး၏ လူမှုဆက်ဆံရေးသမိုင်းကို ပြန်စောင်းငဲ့၍ကြည့်ပါလျှင် ပထမဆုံး ဒေါ်တင်တင်နှင့် အိမ်ထောင်ကျကာ မောင်ငွေစိုးဟူသော သားတစ်ယောက် ထွန်းကားခဲ့သည်။ ဒုတိယအိမ်ထောင်အဖြစ် ဒေါ်ခင်မေသန်း

mgyoe.com

 mgyoe.com SAMPLE BOOK 

နှင့် လက်တွဲကာ သမီး စန္ဒာဝင်း၊ ဖြိုးဝေဝင်း၊ ကြေးမုံဝင်းတို့ကို မွေးဖွားခဲ့သည်။ ဒေါ်ခင်မေသန်း ကွယ်လွန်ချိန်တွင် ဒေါ်နီနီမြင့်နှင့် လက်ထပ်ခဲ့ပြန်သည်။ ထို့နောက် ဒေါ်ရာနာနက်မယ်နှင့် စတုတ္ထအိမ်ထောင် အတိအလင်း ထူထောင်ခဲ့ပြန်သည်။ ထိုစတုတ္ထအိမ်ထောင် ပြိုကွဲခါမှ တတိယအိမ်ထောင်ဖြစ်သူ ဒေါ်နီနီမြင့်နှင့် ပြန်ပေါင်းခဲ့ပါသည်။ ဤသည်ကား တိုင်းပြည်တစ်ပြည် ထူထောင်နေသော ဆိုရှယ်လစ်ပါတီ ဥက္ကဋ္ဌကြီး၏ လူသိထင်ရှားသော မင်္ဂလာခရီးစဉ်များ ဖြစ်ပါတော့သည်။

သမိုင်းတစ်ခုကို ပြန်ပြောင်းလေ့လာရာတွင် လူတစ်ဦး တစ်ယောက်တည်း အပေါ် အပြစ်ပုံချ၍ မရသည်ကို လက်သင့်ခံရမည်ဖြစ်သော်ငြား၊ ထိုလူတစ်ယောက် မည်သို့သော သမိုင်းကြောင်း ရှိသည်ကိုတော့ မျက်ကွယ်ပြု၍ မရပါချေ။

ဗိုလ်ချုပ်နေဝင်းသည် ပြည်တွင်းသောင်းကျန်းမှုများကို နှိမ်နင်းနိုင်ခဲ့သည်။ ဆိုရှယ်လစ်စနစ်ကို ထူထောင်ကာ ပြည်သူပိုင် သိမ်းခြင်း၊ နိုင်ငံတော် ငွေကြေးများကို ကြိမ်ဖန်များစွာ ဖျက်သိမ်းခြင်း၊ တရားမဝင် ငွေစက္ကူအဖြစ် ကြေညာခြင်းများသည် မေ့ဖျောက်ရန် ခက်ခဲသော လုပ်ရပ်များပင် ဖြစ်ပါတော့သည်။

တိုင်းပြည်တစ်ပြည်တွင် တည်ဆဲအစိုးရအား ဆန္ဒပြမှု၊ သပိတ်မှောက်မှု၊ တောင်းဆိုမှုဟူသည် ပွင့်လင်းလွတ်လပ်သော ဒီမိုကရေစီနိုင်ငံမျိုးတွင် ဆန်းကြယ်သောကိစ္စ မဟုတ်ပါချေ။ အာဏာရှင် အုပ်စိုးသောတိုင်းပြည်မျိုးတွင်မူ ဆန္ဒပြမှု၊ သပိတ်မှောက်မှု၊ အရေးအခင်းတစ်ရပ် ဆင်နွှဲမှုဟူသည် အကြောင်းပေါင်းစုံ၊ အခြေအနေပေါင်းစုံ၊ အခြေခံ အကြောင်းတရားများစွာတို့ စုပြုံပြီးကာမှ ဖြစ်ပေါ်တတ်သဖြင့် နှစ်ကာလကြာမြင့်စွာ စောင့်ဆိုင်းရတတ်သည်မို့ ပမာအားဖြင့် မီးတောင်တစ်လုံး ပေါက်ကွဲရသည်နှင့် ဆင်တူပါတော့သည်။

**တက္ကသိုလ်ပရဝဏ်ဆီမှ တငွေ့ငွေ့ ဒဏ်ရာများ**

မဆလအစိုးရသည် တိုင်းပြည်အား တံခါးပိတ်စီးပွားရေးဝါဒ ကျင့်သုံးကာ ဆိုရှယ်လစ်လူ့ဘောင် တည်ထောင်လျက် ဗဟိုဦးစီးစနစ်ကို စိုက်စိုက်မတ်မတ် ကျင့်သုံးလာခဲ့သဖြင့် စားဝတ်နေရေး အဆင်မပြေသော ဝန်ထမ်းလောက အတွင်း လာဘ်ပေးလာဘ်ယူ မသမာမှုများ တစ်စစ အမြစ်တွယ်ကာ စာရိတ္တမဏ္ဍိုင်ကြီး ဦးစွာကျဆင်းလာခဲ့တော့သည်။

mgyoe.com

SAMPLE BOOK


ပြည်သူနှင့် ပြည်သူ့ဝန်ထမ်းဟူသည် နေ့စဉ်နှင့်အမျှ ဆက်ဆံနေကြရသည်ပင်။ ဝန်ထမ်းထုအတွင်း ဆင့်ကဲဆင့်ကဲ လာဘ်ပေးလာဘ်ယူမှုများ ကြီးထွားရှင်သန်နေသောကြောင့် ထိုရလဒ်အားလုံးသည် ပြည်သူ့အပေါ်၌သာ ဝန်ထုပ်ဝန်ပိုး ဖြစ်၍လာတော့သည်။ အဆိုးဝါးဆုံးမှာကား တိုင်းပြည်အတွင်း သုံးစွဲနေသော ငွေကြေးများအား အကြိမ်ကြိမ်အခါခါ တရားမဝင် ငွေစက္ကူအဖြစ် ကြေညာခဲ့ခြင်းကြောင့် ဆင်းရဲမွဲတေမှုများ ဆတက်ထမ်းပိုး တိုးပွားလာရတော့သည်။

မိဘတို့၏ အဆင်မပြေမှုသည် သားသမီးများထံသို့ ကူးစက်တတ်စမြဲပင်။ မိဘတို့ အခက်အခဲ ကြုံတွေ့ရသမျှသည် ကျောင်းသားကျောင်းသူ ဖြစ်သောသားသမီးများဆီသို့ ကူးစက်ကာ တက္ကသိုလ်ပရဝဏ်အတွင်း၌ ထိုအဆင်မပြေမှုများ အစုအဝေး ဖြစ်လာရာမှ ပြဿနာ၏ ရင်းမြစ်ကို ရှာဖွေသောအခါ လက်သည်တရားခံကို တွေ့လာကြတော့သည်။

လက်သည်တရားခံသည် နိုင်ငံရေးစနစ် ဆိုသည်ကို သိလာကြသည်။ ကျောင်းသားထုဟူသည် အမှားအမှန်ကို ရှင်းရှင်းလင်းလင်း မြင်နိုင်စွမ်း ရှိကြသည်။ ဤသို့သော စွမ်းအားမျိုးသည် အဘယ်သို့သော လူ့အဖွဲ့အစည်းမှာမှ မတည်ရှိနိုင်ချေ။ ကျောင်းသားထုသာလျှင် အနှောင်အဖွဲ့ ကင်းကင်း၊ အစွဲကင်းကင်း အရာရာကို မကြောက်မရွံ့ ရှင်းလင်းသော ပကတိစိတ်ဖြင့် မြင်နိုင်စွမ်းကြသည်။

သာမန် အဖြစ်အပျက်တစ်ခုသည် ဆယ်နှစ်ဟူသော အချိန်ကာလတွင် မှေးမှိန်ပျောက်ကွယ်နိုင်ပေသည်။ ဝေဝါးလွင့်ပါးသွားနိုင်ပေသည်။ သို့ရာတွင် မတရား ဖိနှိပ်ရက်စက်မှုကို ခံစားရသော သမိုင်းဆိုးဟူသည်ကား ဆယ်နှစ်ဟူသောကာလပင် ဖြစ်စေ၊ နှစ်နှစ်ဆယ်ဟူသောကာလပင် ဖြစ်စေ ခံစားရသူများဘက်၌ မေ့ပစ်ရန်ကား ခဲယဉ်းပေစွ။

၁၉၇၄ ခုနှစ်ဆီက ရက်ရက်စက်စက် သတ်ဖြတ်နှိမ်နင်းခြင်း ခံခဲ့ရသော ခွပ်ဒေါင်းတို့၏ သွေးနှင့် ဒဏ်ရာသည် ဆယ်စုနှစ်ကျော် အချိန်အထိ ကောင်းစွာမကျက်နိုင်သေးပေ။ ဤကျောင်းပရဝဏ်၊ ဤအရပ်ဌာနေ၊ ဤခန်းမ၊ ဤဝန်းကျင်တွင် နောင်တော် ကျောင်းသားပေါင်း ရာနှင့်ချီကာ ချေမှုန်းခံကြရသည်။ ပုဒ်မကြီးငယ်များ တပ်ကာ ထောင်သွင်း အကျဉ်းချခံခဲ့ကြရသည်။ ဤစနစ်ဆိုးကြီးအောက်မှာပင် ပြည်သူ့အပေါင်းသည် ဆင်းရဲမွဲတေကာ စားဝတ်နေရေး

mgyee.com

mgyoe.com SAMPLE BOOK

ဒုက္ခမျိုးစုံကို ကျော်ကော့ကာ ခံစားနေကြရသည်။ အခွင့်ထူးခံ လူတန်းစား တစ်ရပ်သည်သာ စည်းစိမ်ဥစ္စာ ကြွယ်ဝလျက် ဆွေအပေါင်း မျိုးအပေါင်းတို့ ကောင်းစားရေးလမ်းစဉ်ကို ကျင့်သုံးကာ ပျော်ရွှင် ဝမ်းမြောက်နေကြသည်။ အမွဲအတေ ပြည်သူလူထု၏ ဘဝသည်ကား ကြာလေလေ မွဲသထက် ညစ်ထေ ၍လာကြရတော့သည်။

ထိုသို့သော တိုင်းပြည်၏ ပကတိ အခြေအနေကို ကွက်ကွက်ကွင်းကွင်း မြင်နေရသော ကျောင်းသားထုအတွင်း ကြိမ်မီးအုံးသကဲ့သို့ ရင်တွင်းနာသည် တငွေ့ငွေ့ ထနေတော့သည်။

တံခါးပိတ် စီးပွားရေးဝါဒကို ကျင့်သုံးသောတိုင်းပြည် ဖြစ်သည့် အပြင် ဆိုရှယ်လစ်စနစ်ကို လက်ကိုင်ပြုထားသည့်အတွက် ကမ္ဘာ့ထိပ်သီး စက်မှုလက်မှု တိုးတက်သော နိုင်ငံများဆီမှ နည်းပညာနှင့် အကူအညီများ မရရှိတော့ချေ။ မိမိနိုင်ငံတွင်းမှ ကုန်ကြမ်းနှင့် သယံဇာတများကိုလည်း ပြည်သူ လူထု အကျိုးရှိစေရန် အသုံးမချနိုင်ခဲ့ကြချေ။ သည့်အတွက် ရရှိလာသော အကျိုးအပြစ်များမှာ လူသုံးကုန်ပစ္စည်းများ ရှားပါးလာခြင်း၊ မှောင်ခိုပစ္စည်းများ ပေါ်ပေါက်လာခြင်း၊ ပြည်သူအပေါင်း မျက်စိပိတ် နားပိတ် ဖြစ်လာရခြင်း၊ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေးများ နိမ့်ကျလာရခြင်းတို့ပင် ဖြစ်တော့သည်။ ဆပ်ပြာတစ်တောင့်၊ သကြားတစ်ထုပ်၊ နို့မှုန့်တစ်ဘူး၊ စားသုံးဆီ၊ ဖယောင်းတိုင် စသည့် လူသုံးကုန်ပစ္စည်းများကိုပင် ခွဲတမ်းနှင့် သမဝါယမဆိုင်၌ ထုတ်ယူသုံးစွဲ လာကြရသည်။ တခြားသော တန်ဖိုးကြီး အသုံးအဆောင်များ ဟူသည်ကား လူတစ်ထောင်လျှင် တစ်ယောက်ပင် သုံးစွဲနိုင်စွမ်း မရှိကြချေ။ တိုးပွားလာသော တိုင်းပြည်၏ လူဦးရေကြောင့် အလုပ်အကိုင် ရှားပါးမှုများ ပေါ်ပေါက်လာတော့ သည်။

ကျွမ်းကျင်ပညာရှင်များ ရှားပါးခြင်း၊ စက်မှုလက်မှု နည်းပညာများ မပြည့်စုံခြင်းကြောင့် လူသုံးကုန်ပစ္စည်းမှန်သမျှ ပြည်ပမှ မှာယူတင်သွင်းရပြီး၊ အစိုးရ အုပ်ချုပ်ရေးယန္တရားကြီးသည် တစ်ကိုယ်စာ ရပ်တည်နိုင်ရုံမှလွဲ၍ ပြည်သူလူထုအား မည်သည့် ဖြည့်ဆည်းမှုမှ ပေးနိုင်စွမ်းမရှိသော အခြေအနေ ကို ကြုံတွေ့လာရတော့သည်။

၂၆ နှစ်တာ ကာလအထိ ဆင်းရဲမွန်းကျပ်မှု ထုပြောစွာဖြင့် အမှောင် ကမ္ဘာတွင် ဖိနှိပ်ချုပ်ချယ်ခံနေကြရသော မြန်မာပြည်သူပြည်သားများ၏ မကျေနပ်မှု

mgyoe.com

mgyee.com

ပေါင်းစုံသည် ၁၉၈၈ ခုနှစ်၊ မတ်လ၏ နွေနေ့တစ်နေ့တွင် လောင်မီးတစ်စအဖြစ် စတင်တောက်လောင်လာပါတော့သည်။ ထိုမီးစလေးမှာ အချိန်ကာလအားဖြင့် ကမ္ဘာ့သက်တမ်း၏ လက်တစ်ဖျစ်မျှသာဟု နှိုင်းဆိုနိုင်သော်ငြား၊ တိုင်းပြည်၏ စနစ်ဆိုးကြီးအောက်မှ ရုန်းထွက်လာသော ပြည်သူများအဖို့ ဧရာမ အဖိုးအနှဂ္ဃ ထိုက်တန်သော မီးတစ်စလည်း မည်ပေသည်။ ထိုမီးတစ်စသည်ကား ရန်ကုန် စက်မှုတက္ကသိုလ် ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးရသည့် မီးတစ်စပင် ဖြစ်ပါတော့သည်။

## ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခြင်း (၁၉၈၈၊ မတ် ၁၃)

တော်လှန်ရေးတစ်ရပ် ဆင်နွှဲရာ၌ လက်နက်ရှိသူနှင့် လက်နက်မဲ့သူတို့၏ တော်လှန်ရေးဟူသမျှတွင် လက်နက်မဲ့သူတို့မှ စတေးရသော လူ့အသက်တို့သည် လည်းကောင်း၊ သွေးချင်းချင်းတို့သည် လည်းကောင်း၊ ဘဝ အခြေအနေများစွာ တို့သည်လည်းကောင်း အဘယ်သို့သော ကိန်းဂဏန်းဖြင့် တန်ဖိုးတွက်၍ ရပါ မည်နည်း။

တော်လှန်ရေးတစ်ရပ် ဆင်နွှဲရာ၌ လက်နက်ရှိသူနှင့် လက်နက်မဲ့သူ တို့၏ တော်လှန်ရေး ဟူသမျှတွင် လက်နက်မဲ့သူတို့မှ စတေးရသော လူ့အသက် တို့သည် လည်းကောင်း၊ သွေးချင်းချင်းတို့သည် လည်းကောင်း၊ ဘဝအခြေအနေ များစွာတို့သည် လည်းကောင်း အဘယ်သို့သော ကိန်းဂဏန်းဖြင့် တန်ဖိုးတွက်၍ ရပါမည်နည်း။ ထိုကိန်းဂဏန်းတို့သည် သမိုင်းအသချေ်ချို၍လည်း တန်ဖိုး ကြီးမားနေတတ်ပါသည်။

၁၉၈၈ ခုနှစ် မတ်လ ၁၂ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ညံ့ဖျင်းလှသော အာဏာပိုင်စိုးလိုမှု အရှုးမီးစ တစ်စကြောင့် ဖရိုဖရဲ ပြိုကွဲခဲ့ရ သည့် ဖြစ်စဉ်မှာ အင်းစိန်မြို့နယ်၊ ကြို့ကုန်းရပ်ကွက်အတွင်းရှိ လက်ဖက်ရည် ဆိုင်လေး တစ်ဆိုင်တွင် သန္ဓေတည်ခဲ့ပါသည်။ ထိုလက်ဖက်ရည်ဆိုင်၏ အမည် မှာ 'စန္ဒာဝင်း' လက်ဖက်ရည်ဆိုင် ဖြစ်သည်။ ကြို့ကုန်းဘူတာအနီးတွင် ဖွင့်လှစ်ထားသော လက်ဖက်ရည်ဆိုင် ဖြစ်ပြီး စက်မှုတက္ကသိုလ်ကျောင်းသား များ ဖြစ်သည့် ကိုကျော်ဆန်းဝင်းနှင့် ကိုဝင်းမြင့် အပါအဝင် ကျောင်းသား လေးဦး လာရောက် လက်ဖက်ရည် သောက်သုံးရင်း ကက်ဆက်ခွေ ဖွင့်ခိုင်းရာ မှ ထိုရပ်ကွက်နေ ပါတီကောင်စီ ဥက္ကဋ္ဌ၏ သားဖြစ်သူ ကိုဇော်ဇော်တို့နှင့်

mgyee.com

အချင်းများကာ ထိုးနှက်ကြသည်။ ကိုဝင်းမြင့်မှာ ရိုက်နှက်ခံရမှုကြောင့် ထိခိုက်ဒဏ်ရာရခဲ့ပြီး ရဲစခန်းသို့ သွားရောက်ကာ အမှုဖွင့် တိုင်ကြားခဲ့သည်။ ရဲစခန်းမှ အမှုကို လက်ခံပြီး ကျူးလွန်သူ ကိုဇော်ဇော်နှင့် အပေါင်းပါ ၅ ဦးတို့အား ဖမ်းဆီးခဲ့ပါသည်။ ထိုကိစ္စအတွက် ကျောင်းအာဏာပိုင်များနှင့် ရပ်ကွက်လူကြီးများ နှစ်ဦးနှစ်ဖက် ညှိနှိုင်းဖြေရှင်းခဲ့ကြသဖြင့် ထိုညမှာပင် အမှုဖွင့် အရေးယူနိုင်ခဲ့ပါသည်။ သို့ရာတွင် အဖမ်းခံရသူမှာ ပါတီကောင်စီ ဥက္ကဋ္ဌ၏ သားဖြစ်နေသောကြောင့် နောက်တစ်နေ့ မနက်တွင် ရဲစခန်းမှ ပြန်လွှတ်လာခဲ့သည်။ ထိုကိစ္စအား စက်မှုတက္ကသိုလ်ကျောင်းသားများ သိရှိသွားသဖြင့် ကျောင်းသား ၂၀ ကျော် စုပေါင်းကာ ရပ်ကွက်ဥက္ကဋ္ဌရုံးသို့ သွားရောက် ကန့်ကွက်ကာ ထိုကိစ္စအပေါ် ဖြေရှင်းချက် တောင်းကြတော့သည်။ ရပ်ကွက်ဥက္ကဋ္ဌက ကျောင်းသားများ တောင်းဆို ကန့်ကွက်သည်ကို ဂရုမစိုက်ခဲ့ချေ။ ထို့ကြောင့် ကျောင်းသားများက ကောင်စီရုံးအား ခဲများဖြင့် ပစ်ခတ်ကြသည်။ ဥက္ကဋ္ဌ၏ သားဖြစ်သူ ကိုဇော်ဇော် အပါအဝင် ကြို့ကုန်းအနောက်ပိုင်း လူငယ်များလည်း ဝင်ရောက်လာသဖြင့် တစ်ဖက်နှင့် တစ်ဖက် ပစ်ခတ် တိုက်ခိုက်ရင်း အုပ်စု ရန်ပွဲကြီးဖြစ်ပေါ်လာခဲ့သည်။ ထိုသတင်းအား စက်မှုတက္ကသိုလ်မှ တခြားကျောင်းသားများ သိရှိသွားသည့်အတွက် ပြဿနာ ဖြစ်ပွားရာသို့ အစုအဝေးဖြင့် ရောက်ရှိလာခဲ့ပြီး ရပ်ကွက်ကောင်စီရုံးနှင့် စန္ဒာဝင်း လက်ဖက်ရည်ဆိုင်တို့အား ခဲများ၊ တုတ်များဖြင့် ပစ်ခတ်ကြတော့သည်။ တစစဖြင့် ရပ်ကွက်လူထုက တစ်ဖက်၊ ကျောင်းသားအုပ်စုက တစ်ဖက်နှင့် အင်းစိန်လမ်းမကြီးထက်တွင် အပြန်အလှန် ပစ်ခတ်သည်အထိ တိုက်ပွဲအသွင် ဖြစ်လာခဲ့သည်။

ထိုကြီးထွားလာသော ပြဿနာကို ဖြေရှင်းရန်အတွက် တာဝန်ရှိသော ဆိုရှယ်လစ်အစိုးရသည် လုံထိန်းတပ်များကို အသုံးပြုကာ စက်မှုတက္ကသိုလ်အတွင်းသို့ ဝင်ရောက်၍ အကြမ်းဖက် ဖြေရှင်းသည့်အတွက် ကျောင်းသားအုပ်စုအတွင်း ထိခိုက်ဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့သည်။ လက်နက်ကို အသုံးပြုပြီး ဖြိုခွင်းခဲ့သောကြောင့် ကျောင်းသား ၅ ဦး သေနတ်ထိမှန်ခဲ့ကြရပြီး ထိုငါးဦးထဲမှ ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့မှာ သေဆုံးခဲ့ကြရသည်။ ကျောင်းသားများက ကိုဖုန်းမော် အလောင်းအား စက်မှုတက္ကသိုလ်ကျောင်းဝင်းအတွင်းမှာပင် ဝှက်ထားခဲ့ကြသည်။ ကိုစိုးနိုင်မှာ သေနတ် ထိမှန်စဉ်က ဒဏ်ရာပြင်းထန်သဖြင့် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြပြီး ဆေးရုံမှာပင် သေဆုံးခဲ့ရသည်။ ထိုနေ့ကို

mgyoe.com

mgyoe.com SAMPLE BOOK

အစွဲပြု၍ မတ်လ ၁၃ ရက်နေ့တွင် ကျောင်းသား ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးသည့် နှစ်ပတ်လည်နေ့အဖြစ် ကျောင်းသားထုအတွင်း သတ်မှတ်ခဲ့ကြခြင်း ဖြစ်သည်။

နောက်ရက်များတွင် ပဋိပက္ခ ပြဿနာမှာ ပို၍ ကြီးထွားလာခဲ့တော့သည်။ ရန်ကုန်ပင်မတက္ကသိုလ်နှင့် တခြားကောလိပ်များမှ ကျောင်းသားများပါ ထိုကိစ္စအပေါ် ဂယက်ရိုက်ခတ်လာခဲ့တော့သည်။ အစိုးရပိုင်းမှ တာဝန်ရှိသူများသည် ကျောင်းသားထုအား ၁၉၆၂၊ ၁၉၇၄ စသည့် ကာလများကပင် အာဏာသုံးကာ သတ်ဖြတ် နှိမ်နင်းလာခဲ့သည့် ရှေးရိုးဥပဒေကို ကိုင်စွဲလာခဲ့ကြသူများဖြစ်သောကြောင့် ယခု ၈၈ ခုနှစ် ပြဿနာတွင်လည်း အာဏာနှင့် သေနတ်ပြောင်းကိုသာ အားကိုး ဖြေရှင်းခဲ့ပါတော့သည်။

မူလပထမ ဖြစ်စဉ်မှာ ရပ်ကွက် လူငယ်များနှင့် တက္ကသိုလ်ကျောင်းသားများ၏ လက်ဖက်ရည်ဆိုင် ရန်ပွဲလေးသာ ဖြစ်သည်။ ထိုမှတစ်ဆင့် အာဏာနှင့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစား လုပ်ခဲ့သောကြောင့်။ မကျေနပ်မှုများ တိုးမြင့်လာခဲ့ပြီး ရန်ပွဲကြီးအဖြစ် ပြောင်းလဲလာခဲ့ရသည်။ ထိုအဆင့်ကိုပင် ထပ်မံ၍ အာဏာနှင့် အကြမ်းဖက်ကာ နှိမ်နင်းသောကြောင့် ရောမ လူသတ်ပွဲအဆင့်ထိ ရောက်ရှိလာခဲ့ရခြင်း ဖြစ်သည်။

စက်မှုတက္ကသိုလ် ကျောင်းသားနှစ်ဦး သွေးမြေကျရလေသောအခါ ရန်ကုန်တက္ကသိုလ်(မိန်း)မှ ကျောင်းသားများနှင့် တခြား တက္ကသိုလ်နယ်မြေမှ ကျောင်းသားများပါ မခံမရပ်နိုင် ဖြစ်ကာ ပူးပေါင်းလာခဲ့ကြသည်။ အာဏာပိုင် အဖွဲ့အစည်းထံ တင်ပြ တောင်းဆိုမှုများ၊ ကန့်ကွက်မှုများ၊ အရေးယူ ဆောင်ရွက်ပေးရန် တိုက်တွန်းချက်များ၊ ကျောင်းတွင်း လှုပ်ရှားမှုများ အဆင့်ဆင့် ဖြစ်ပေါ်လာခဲ့ကြတော့သည်။

ဤသည်ကား ၁၉၈၈ ခုနှစ် ကျောင်းသားထု စုစည်းလှုပ်ရှားမှု၏ အခြေခံ ဖြစ်ရပ်များပင် ဖြစ်တော့သည်။

ကျောင်းသားများအား ရက်ရက်စက်စက် ပစ်ခတ် နှိမ်နင်းခဲ့သည့်အတွက် တာဝန်ရှိသူများမှ လက်ခံဖြေရှင်းပေးရန် အပါအဝင် အချက် ၃ ချက်ပါဝင်သော တောင်းဆိုချက်အား ကျောင်းဝင်းနံရံများ အနီးအပါးရှိ ကွမ်းယာဆိုင်များတွင် ကပ်၍ တောင်းဆိုခဲ့ကြသည်။ ထိုတောင်းဆိုမှုများထဲ၌ ကျောင်းဝင်းအပြင်ဘက်တွင် စောင့်ကြပ်နေသော ရဲများကို ရုပ်သိမ်းပေးရန် အပါအဝင်

mgyoe.com

ဖြစ်သွားခဲ့သော ပြဿနာများနှင့် ပတ်သက်၍ ကျောင်းသားထု ခေါင်းဆောင်များနှင့် ဆွေးနွေးနိုင်မည့် တာဝန်ရှိသူတို့ တွေ့ဆုံဆွေးနွေးပါရန်လည်း ပါရှိခဲ့သည်။ ထို့နောက် ကျောင်းသားထုမှ အချက် ၅ ချက်ပါသော တောင်းဆိုချက်ကို ထပ်မံ တောင်းဆိုခဲ့ပြန်သည်။ ထိုဖြစ်ရပ်များအပေါ် အာဏာပိုင်အစိုးရ၏ သတင်းမီဒီယာများထက်၌ အမှန်အတိုင်း ရေးသားခြင်း မပြုဘဲ ကျောင်းသားထု အပေါ် တစ်ဖက်သတ် ပြစ်တင်ရေးသားထားသည်များကို ပြန်လည်ဖြေရှင်းပေးရန် အပါအဝင် ပြစ်မှု ကျူးလွန်သူများကို ထိရောက်စွာ အရေးယူပေးရန်တို့အား တောင်းဆိုခဲ့ကြသည်။

မဆလ အစိုးရသည်ကား ခေါက်ရိုးကျိုးနေပြီဖြစ်သော ဖြေရှင်းနည်းကိုသာ ထပ်မံကျင့်သုံးပါတော့သည်။ နား၊ မျက်စိ ပိတ်ခံထားရသော ဆိုရှယ်လစ်ပြည်သူများအနေဖြင့် အစိုးရမှ ထုတ်လွှင့်သော သတင်းမီဒီယာများကိုသာ အမျက်ဒေါသ ခံပြင်းစွာ နားထောင်ခဲ့ကြပြီး ၎င်းတို့ ကောက်ချက်ချသည့် မတရားသော ဆုံးဖြတ်ချက်တို့အပေါ် အော့နှလုံးနာကြရသည်။ ကိုယ်တွေ့ခံစားရသော ကျောင်းသားထုမှာကား မဟုတ်မတရား ဖော်ထုတ်ကြေညာချက်များအပေါ် ဆက်လက် သည်းမခံနိုင်ပြီ ဖြစ်သောကြောင့် သပိတ်တိုက်ပွဲဆင်နွှဲရန် ဆုံးဖြတ်ချက်ချကာ လက်တွေ့အကောင်အထည်ဖော်ခဲ့ကြတော့သည်။ ထို့ထက် ဆိုးဝါးသည့် ဖြစ်ရပ်မှာ မတ်လ ၁၅ ရက်နေ့တွင် ပညာရေး ဒုတိယဝန်ကြီး ဒေါက်တာမောင်ဒီနှင့် ကျောင်းသားများ ညှိနှိုင်းဆွေးနွေးကြသည်။ သို့ရာတွင် အောင်မြင်မှု မရသည့်အပြင် လုံထိန်းတပ်သား ရာဖြင့်ချီကာ ဝင်ရောက်ဖြိုခွင်းမှုကြောင့် ကျောင်းဝင်းအတွင်း ထိခိုက်ဒဏ်ရာ ရသူများ၊ ဖမ်းဆီးခံရသူများ အမြောက်အမြား ပေါ်ထွက်လာခဲ့သည်။ ထိုကိစ္စသည် ပို၍ကြီးမား ပြင်းထန်သော ပဋိပက္ခဆီသို့ ဦးတည်လိုက်ခြင်း ဖြစ်တော့သည်။ အစိုးရပိုင်းသည် ထိုဆူပူအုံကြွမှုကို ဖြေရှင်းရန်အတွက် ကျောင်းများ ပိတ်ပစ်လိုက်တော့သည်။

တက္ကသိုလ်အတွင်း ဖြစ်ပေါ်နေသော ကျောင်းသားထု၏ မကျေနပ်မှုတို့မှာ အစိုးရပိုင်းမှ ဖြေရှင်းပုံ ဖြေရှင်းနည်းကြောင့် ကျောင်းသားအုံကြွမှု အသွင်အဖြစ် ပြောင်းလဲလာခဲ့ပြီး မတ်လ ၁၆ ရက်နေ့တွင် တက္ကသိုလ်ကျောင်းသားကျောင်းသူပေါင်း မြောက်မြားစွာ ရက်ရက်စက်စက် နှိမ်နင်းသတ်ဖြတ်ခံရခြင်းများ၊ ကျောင်းသူများအား ဖမ်းဆီး ခေါ်ဆောင်ကာ အဓမ္မကျင့်ခံရခြင်းများ၊ အင်းလျားကန်အတွင်း နှစ်သတ်ခံရခြင်းများ၊ လက်ဝတ်လက်စားများ လုယက်ခံ

mgyoe.com

m g y o e . c o m  SAMPLE BOOK 

ရခြင်းများ၊ ကျောင်းသား ကျောင်းသူ အမြောက်အမြား ထိခိုက်ဒဏ်ရာရကြ ရပြီး သေဆုံးသူပေါင်း ၂၈၃ ဦးအထိ ရှိခဲ့သည်ဟု မှတ်တမ်းတင်ခဲ့ကြသည်။ လုံထိန်းတပ်များ၏ လက်ချက်ကြောင့် ကြီးမားသော သမိုင်းဝင် သွေးစက်တို့ဖြင့် ရေးမှတ်ခဲ့သော တံတားနီ အရေးအခင်းပင် ဖြစ်တော့သည်။

ဤသို့သော အသက်ပေါင်းများစွာ၊ ဘဝပေါင်းများစွာ၊ ဒုက္ခပေါင်း များစွာ သန္နိတည်၍ စခဲ့ကြရသော ကျောင်းသားထု၏ ခံစားချက်သည် ကျောင်းသားထု ကောင်းစားရေးအတွက် မဟုတ်ပါချေ။ မတရား ဖိနှိပ်ခံရသည် များ နောင်အစဉ်သဖြင့် မပေါ်ထွန်းစေရန် တစ်ဖက်သတ် ထုတ်ပြန်ကြေညာချက် များဖြင့်ကျောင်းသားထု၏ ဂုဏ်သိက္ခာကို သေးသိမ်အောင် မပြုလုပ်ရန်၊ ကျောင်းသားထုအား ဆူပူအကြမ်းဖက်သူများအဖြစ် သွတ်သွင်းခြင်းကို တွန်းလှန် ရန်နှင့် မတရားမှုကို ခံစားခဲ့ကြရသည့် ညီနောင် ကျောင်းသား ကျောင်းသူ များအတွက် ဘယ်သောအခါမှ ထိုအဖြစ်ဆိုးမျိုး ထပ်မံ မကြုံတွေ့စေရေးအတွက် စနစ်ဆိုးကြီးအား တွန်းလှန်ဖြိုဖျက်ရတော့မည်ဟု ဆုံးဖြတ်ခဲ့ကြခြင်းပင် ဖြစ် သည်။ ဤသည်ပင်လျှင် ဒီမိုကရေစီအရေးတော်ပုံ၏ ခြေလှမ်းသစ် ဖြစ်တော့ သည်။ အာဏာရှင် ရှိသမျှ စနစ်ဆိုးရှိမည်။ စနစ်ဆိုး ရှိသမျှ အဖြစ်ဆိုးတို့ ရှိနေမည်။ ထိုအာဏာရှင်၊ ထိုစနစ်ဆိုး၊ ထိုအဖြစ်ဆိုးတို့ကို တိုက်ထုတ်ရန်ကား ဒီမိုကရေစီစနစ်သည်သာ ရှိတော့သည်ဟု တွေးခေါ်မိကြခြင်းပင် ဖြစ်ပါသည်။

ဤအမိမြန်မာပြည်ကြီး ဒီမိုကရေစီစစ်စစ် ရရှိပြီ ဆိုသောအခါ နောင် ကျောင်းသားမောင်မယ်များအနေဖြင့် အနေချောင်ချောင်၊ အစားချောင်ချောင် ဖြင့် ခပ်ချောင်ချောင် ဘဝအတွေးများ တွေးမိလေတိုင်း ဘယ်သောအခါဆီက အဘယ်သို့သော နောင်တော် ကျောင်းသား၊ အစ်မတော် ကျောင်းသူများ၊ ဘယ်သို့ ဘယ်ပုံ သွေးနှင့် အသက်နှင့်၊ ဘဝအဆက်ဆက်ဖြင့် ရင်းခဲ့ရသည်ကို လှစ်ခနဲ တွေးမိစေလိုပါသည်။

မြန်မာ့ဒီမိုကရေစီအရေးတွင် ဦးဆုံး ပေးဆပ်ရသည့် ကျောင်းသား ကျောင်းသူတို့၏ သွေးတို့အတွက် အရိုးတွန်မှ သတိရသည့်ကိန်းမျိုး မဆိုက် စေချင်။

❑

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း-၄

တံတားနီမော်ကွန်း

* ရန်ကုန်တက္ကသိုလ်
စိမ်းစိုလှပ၊ အာရှဥယျာဉ်
ကမ္ဘာ့တစ်ခွင်မှာ စာတင်ထင်ရှားခဲ့ပါတယ်။
* ရေကန်အသင့်၊ ကြာအသင့်နဲ့
ပင်မြင့်ပင်စောက်၊ ပင်အောက်အခြေ
မောင်တွေမယ်တွေ၊ ဖော်ရွေရယ်ရွှင်
ကြည်လင်သာယာ၊ မြန်မာအနာဂတ်
သားမြတ်သမီးမွန်၊ ကျွန်ခေတ်တော်လှန်
ခံယူခဲ့ကြ၊ သခင်ဘဝဖြင့်
လှပသမိုင်းရှိခဲ့တယ်။
* ပိတောက်ကံ့ကော်
အကျော်စံကား၊ စိန်ပန်းများနဲ့
နံ့ရှားကြိုင်လွင့်၊ ခါတန်သင့်မှာ
ပွင့်မျိုးစုံဝေဆာ
ကန်ထဲမှာကြာ၊ ကန်ပေါင်မှာပိတောက်
လေသင့်ရာ ကြိုင်လျောက်လို့

mgyoe.com

မိုးသောက်နေဝင်၊ နွေဝင်မိုးကူး
အလှထူးတဲ့ ဒို့နယ်မြေ။

* အင်းလျားကန်သာ၊ ကန်တော်သာမှာ
ပြာပြာလဲ့လဲ့၊ လှိုင်းဘောင်ဘင်ဖွဲ့တော့ကို
လေအသွဲ့မှာ လှေနဲ့ရွက်လွှင့်
ငှက်သဘင် ငှက်ညီလာ
ဟသ်ာသောင်တင်း၊ ရွှေပိန်ညင်းတို့
ဖော်ချင်းငယ်ရာကြ
စာဆိုဆွေ ကဗျာသ လို့
သာစွငယ်စာမွှမ်း
စာမော်ကွန်းတင်ရတယ်။

* တစ်နေ့သောအခါ
ကန်လမ်းမှာညံ့ကျွက်၊ ချီတက်ကြွေးကြော်
အော်သံတွေကြားမိတော့ သွားကြည့်မိပါတယ်။
ဒီမိုကရေစီ ရရှိရေး ဒို့အရေး ဒို့အရေး
စစ်အာဏာရှင်စနစ် ပြုတ်ကျရေး ဒို့အရေး ဒို့အရေး
ကျောင်းသားလေးတွေပါ
ဘာလက်နက်မှမပါ၊ နှိုဆာသလိုဟစ်ကြွေး
ဒီမိုကရေစီအရေး
ချက်ချင်းပေး ချက်ချင်းပေးလို့
တေးဆိုသလို အရေးဆိုရင်း လာကြတယ်။

* မိဘတွေကိုယ်စား
ပြည်သူတွေကိုယ်စား
သားသမီးငယ် လူရွယ်ကလေးများဟာ
ကမ္ဘာမကြေ ဗမာပြည်နဲ့
ကမ္ဘာမကြေသီချင်းကိုလည်း
ရင်တွင်းလှိုက်ဖို့ သီဆိုလိုက်ကြတယ်။
သမိုင်းဝင် ခွပ်ဒေါင်းကလည်း နီမောင်းရဲလို့
တလွင့်လွင့် ပျံနေလေရဲ့။

mgyoe.com

✱ သူတို့ရှေ့မှာ
ရင်ဆိုင်လာနေတာ လုံထိန်းတွေပါလား
ဒိုင်းလွှားတွေကိုင် တင်းပုတ်တွေကိုင်
သေနတ်တွေကိုင်ကာ ချီတက်လာ
ဘယ်ညာ ဘယ်ညာ
စစ်ခွာသံတဖြောင်းဖြောင်း
ကန်လမ်းကြောင်းတုန်ဟည်း
စစ်ဆင်ရေးကြီးလိုပါလား။
✱ သူတို့နောက်မှာ
သံချပ်ကာကားတွေ၊ စစ်ကားတွေ
မီးသတ်ကားတွေ၊ အချုပ်ကားတွေ
တဂျိမ်းဂျိမ်းနဲ့ မြည်ဟိန်းလာတော့တယ်။
✱ သူပုန်သူကန်၊ မှုန်ဆန်ရမ်းကား
သောင်းကျန်းသူများ၊ နှိမ်နင်းဖို့ သွားမှာလား။
ငါတို့အိုးအိမ်၊ စည်းစိမ်ဥစ္စာ၊ ကာကွယ်ဖို့သွား
မှာလား …။
✱ ပြည်သူ့စစ်သား၊ တို့စစ်သားတဲ့
မြို့ကားလမ်းမှာ ရန်သူရှာတော့
ဘာတွေ သူတို့တွေ့မှာလဲ …။
✱ သူတို့တွေက
ကျောင်းသားတွေပါ
တုတ်တွေ ဓားတွေမပါ
အပ်တိုအပ်ကျိုးမပါ
ငြိမ်းချမ်းစွာ၊ စည်းကမ်းရှိစွာ၊ ယဉ်ကျေးစွာ
ဟစ်ကြွေးတေးဆို
လိုချင်သမျှ ဖွင့်ဟကြရုံပါပဲ။
✱ အို ဖြစ်ရလေ
ဝေသာလီပြည် ဘီလူးဝင်တာ
ကြားဖူးမှာပေါ့

mgyoe.com

ရိုက်ဟာ နှက်ဟာ၊ ဖမ်းဟာ ဆီးဟာ
သတ်ဟာ ဖြတ်ဟာ
ဟစ်ကာအော်ကာ တုတ်စကြာယမ်း
ကြိမ်ဘမ်းနဲ့ရိုက်
လိုက်ဟာပြေးဟာ ကန်ပေါင်မှာက
ကန်ချရေထဲ၊ ဆွဲကြိုးကိုဖြုတ်
နာရီကိုဖြုတ်၊ ဆုပ်ကိုင်ဆံပင်
မြေပြင်တရွတ်၊ ကိုယ်ဝတ်စုတ်ပြဲ၊ မှောက်လဲစောင်းသံ
သွေးသံရဲရဲ၊ ကားထဲပစ်တင်
သေရှင်မသိ၊ ညှပ်မိမွန်းအိုက်
ငရဲသည်မြေ စိုက်ခဲ့လေပြီ။

* ကန်ပေါင်စိမ်းလဲ့၊ မစိမ်းဈွေးနီ
တံတားဖြူလည်း မဖြူသွေးနီ
ကားလမ်းဆီလည်း သွေးညှီရွှဲရွှဲ
အုတ်ခဲတုတ်ကျိုး သံဆူးကြိုးမှာ
ပုဆိုးတစ်စ ထဘီစနဲ့
ဖိနပ်ကကျွတ်၊ တရွတ်ဆွဲကြောင်းတို့
ယင်လှောင်းစေးကပ်၊ မီးသတ်ပိုက်နဲ့
ပက်လိုက်ဆေးကြော၊ သွေးမျောရေစီး
နီပြီးနီကာ၊ မြန်းခဲ့ပါပြီ။

* တံတားဖြူက မဖြူနီဆွေး
သွေးသမိုင်းကို
သမိုင်းပညာရှင် မော်ကွန်းဆင်လော့
ရေပြင်အင်းလျား၊ ငွေလှိုင်းကြားမှာ
သွေးများ ပျော်ဆင်းခဲ့ပါပြီ။

* မိခင်လည်းငို ဖခင်လည်းငိုခဲ့
ဆရာလည်းငို၊ တပည့်ငိုခဲ့
ယိုစီးမျက်ရည်၊ တံတားဦးက
တည်လော့သက်သေ

mgyoe.com

mgyoe.com

မကျော့ဥဒါန်း၊ သည်ဥဒါန်းကို
အောင်ဆန်း အောင်ကျော် သိစေသတည်း။

မောင်စွမ်းရည်
(၇ ဩဂုတ် ၂၀၁၁၊ တနင်္ဂနွေနေ့၊ ၀၅:၃၅)

♦

## တံတားနီအမှတ်တရ

* လွန်ခဲ့တဲ့ နှစ် ၂၀ ... နွေရာသီမတ်လအလယ်မှာ
ဒီနေရာ ဒီတံတားဟာ သွေးစွန်းခဲ့တယ်။
* လက်နက်မပါ လက်ဗလာနဲ့
ကျောင်းသူကျောင်းသား လူငယ်များကို
လုံထိန်းတွေ ရှေ့နောက် ပိတ်ကာဝိုင်းလို့
သေရိုက်နှက်ကြတယ်။
* ကျောင်းသူအပျို ကလေးမငယ်လေးတွေကို
တဏှာရူးတဲ့ လုံထိန်းတွေက
ကားပေါ်ဆွဲတင် အမှောင်တိုက်သွင်းလို့
ခွေးဇာတ်ခင်းတာ ခံခဲ့ကြရတယ်။
* ကျောင်းသားလူငယ် ယောကျ်ားငယ်များ
ဦးနှောက်ထွက် မှောက်ခုံလဲလို့
သွေးသံရဲရဲနဲ့ သေပွဲဝင်ခဲ့ကြရတယ်။
* ပိုင်ရှင်မဲ့နေတဲ့ ကျောင်းသားကတ်တွေ
သွေးစွန်းနေတဲ့ စာအုပ်တွေ
ဖိနပ်တွေ၊ လွယ်အိတ်တွေ
ဟိုမှာ တစ်စ၊ ဒီမှာ တစ်စနဲ့ ပြန့်ကာကျဲလို့
မြင်မကောင်းအောင်ဖြစ်ရတာ။
* ဒီနေရာ ဒီတံတားဟာ သွေးမခြောက်သေးပါ။

mgyoe.com

မြက်ခင်းအောက်မှာ သွေးတွေ ရှိသေးတယ်။
တံတားပေါ်က ခုံတွေကို ခေါက်ကြည့်ရင်
ငိုသံ၊ ညည်းသံ၊ အော်ဟစ်သံတွေ ကြားရဦးမယ်။

* မမြင်ဖူး၊ မတွေ့ဖူး မမီလိုက်တဲ့ လူငယ်များ
အင်းလျားကို လျှောက်သွားတဲ့အခါ
မင်းတို့ ခြေထောက်အောက်မှာ
ကျောင်းသား ကျောင်းသူတွေရဲ့သွေး
စေးထန်းနေတာ သတိရပါ။

* မြင်ဖူး၊ တွေ့ဖူး၊ ကြုံဖူးခဲ့သူ လူလတ်များ
အသက် ပေးခဲ့ကြရသူတွေ၊ အရှက် စတေးခဲ့ရသူတွေကို
မင်း မေ့ထားလိုက်တော့မှာလား။

* တမလွန်မှာ… စိတ်မအေးနိုင်ဘဲ ရှိနေသေးတဲ့ ဝိညာဉ်များ
လက်စားချေနိုင်ဖို့အရေး
လာကူပေးလှည့်ကြပါ။

* လွန်ခဲ့တဲ့ နှစ် ၂၀… နွေရာသီ မတ်လအလယ်မှာ
ဒီနေရာ ဒီတံတားဟာ
သွေးစွန်းခဲ့တယ်။

မေမင်းဆက်

♦

အထက်တွင် ဖော်ပြခဲ့သော ကဗျာရှည်နှစ်ပုဒ်သည် လုပ်ကြံဖန်တီးရေးသားချက်များဟု အဘယ်သူ အန်တု ငြင်းဆိုဝံ့ပါသနည်း။ လွန်ခဲ့သော ၁၉၂၀၊ ပထမ ကျောင်းသားသပိတ်မှသည် မျက်မှောက်ကာလအထိ မြန်မာ့နိုင်ငံရေးမျက်နှာစာထက်ဝယ် အသက်သွေးချွေးနှင့် ဘဝပေါင်းများစွာတို့ ပေးဆပ်ခဲ့ရသည့် ကျောင်းသားထု၏ သမိုင်းသွေးသည် ကိုယ်ကျိုးတစ်စုံတစ်ရာအတွက် မဟုတ်ခဲ့ပါချေ။ သည့်အတွက် ထိုက်တန်သော စကားလုံးဝေါဟာရကိုလည်း ဒီကနေ့ထိ ရှာဖွေနိုင်စွမ်း မရှိသေးချေ။ သို့ရာတွင် ကျောင်းသားထုဟူသည် ဆက်၍ ခွပ်ဒေါင်းစိတ်ဓာတ်ဖြင့် မြင့်မြတ်နေကြဦးမည်သာ။

mgyoe.com

mgyoe.com

## မြေနီကုန်းအရေးအခင်း

ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးခဲ့ရသည့် မတ်လအရေးကိစ္စနှင့် တံတားနီ အရေးအခင်းတို့အား အာဏာပိုင်အစိုးရဘက်မှ ဖြေရှင်းချက် ပေးခြင်း သည် ဖြစ်ရပ်မှန်နှင့် ပြောင်ပြောင်ကြီး ဆန့်ကျင်နေသည့်အတွက် နောက်ဆက်တွဲ ဖြစ်ပေါ်လာရသော အရေးအခင်းမှာ မြေနီကုန်းအရေးအခင်း ဖြစ်သည်။

ကိုဖုန်းမော်တို့ ကျဆုံးရသည့်အတွက် စက်မှုတက္ကသိုလ် ကျောင်းသား များက သက်ဆိုင်ရာ အာဏာပိုင်များထံသို့ အရေးယူဆောင်ရွက်ချက် ပြုလုပ် ပေးပါရန် တောင်းဆိုခဲ့ကြသည်။ တံတားနီတွင် ဆန္ဒပြမှု ဖြစ်ပေါ်ခဲ့ကြသည်။ ထိုဆန္ဒပြမှုအား အမိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့များ၊ လုံထိန်းများက ဝင်ရောက် ဖြိုခွဲခဲ့ကြသည်။ ဆန္ဒပြနေသော ကျောင်းသူ ကျောင်းသားများအား နံပါတ်တုတ် များဖြင့် ရိုက်နှက်ဖြိုခွင်းကာ အချုပ်ကားများပေါ်သို့ ဖမ်းချုပ်ခေါ်ဆောင်ကြ သည်။ အချုပ်ကားများပေါ်တွင် ကျောင်းသား ကျောင်းသူများ အပြည့်အကျပ် တင်ဆောင်သဖြင့် မွန်းကျပ်ကာ အသက်ရှူကျပ်ပြီး သေဆုံးမှုများ ထပ်မံ ဖြစ်ပေါ်လာသည်။ ဖမ်းဆီးခံရသော ကျောင်းသူလေးများအား လုံထိန်းများက အဓမ္မကျင့်ကြံမှု သတင်းများ ထွက်ပေါ်လာသည်။ ကျောင်းသား ကျောင်းသူ များ၏ မခံမရပ်နိုင် ဖြစ်လာမှုကို အာဏာပိုင်အစိုးရက ကျောင်းပိတ်ခြင်းဖြင့် ဖြေရှင်းလိုက်ပြီး အမိကရုဏ်း၌ ပါဝင်ပတ်သက်သူများအား ဆူပူသောင်းကျန်း သူများဟု ကြေညာခဲ့တော့သည်။ အဖမ်းခံရသော ကျောင်းသားများ အမြောက် အမြား ရှိခဲ့သည်။

မတ်လ ၁၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သော ကိုဖုန်းမော်နှင့် ကိုစိုးနိုင်တို့ ကျဆုံးမှု၊ မတ်လ ၁၆ ရက်နေ့ တံတားနီ အရေးအခင်းတို့သည် ကျောင်းပြန်ဖွင့် သည့် ဇွန်လတွင် စက်မှုတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်အတွင်း အစိုင်အခဲ တစ်ခုအဖြစ် ပြန်လည်စုစည်းမိလာကြသည်။ အဓမ္မအကျင့်ခံရသော ကျောင်းသူ လေးများ၊ သေဆုံးသွားသော ကျောင်းသားများ၊ ဖမ်းဆီးထိန်းသိမ်းခံရသော ကျောင်းသားများအရေးအတွက် ကျောင်းသားထုအတွင်း မကျေမနပ်မှုများ ပေါ်ပေါက်လာတော့သည်။ အာဏာပိုင်အစိုးရ၏ အသံလွှင့်ဌာနနှင့် သတင်းစာ များထက်၌ တစ်ဖက်သတ် လုပ်ကြံပြောဆို ရေးသားမှုများကြောင့် ပို၍ပို၍ ခံပြင်းဒေါသ ဖြစ်လာကြတော့သည်။ လက်တွေ့ ကြုံတွေ့ခဲ့ရသည့် ဖြစ်ရပ်ဆိုး များအား ဖြေမဆည်နိုင်အောင် ဖြစ်ရသည့်အထဲ အပြစ်ရှိသူများကဲ့သို့ အစိုးရပိုင်

mgyoe.com

 SAMPLE BOOK 

mgyoe.com

သတင်းမီဒီယာများဖြင့် တစ်ဖက်သတ် စွပ်စွဲပြောဆိုခံရသောအခါ ကျောင်းသား ထုအတွင်း နှစ်ပရိစ္ဆေဒများစွာကပင် သန္ဓေတည်ပြီး ဖြစ်သော ခွပ်ဒေါင်းသွေးတို့ နိုးထလာပြန်တော့သည်။

ခွပ်ဒေါင်းတို့၏ နိုးကြွမှုနှင့်အတူ ရန်ကုန်တက္ကသိုလ်တွင် ဗဟိုပြုကာ ဗိုလ်တထောင်တက္ကသိုလ်၊ ကြည့်မြင်တိုင်တက္ကသိုလ်၊ စက်မှုတက္ကသိုလ်၊ ဆေးတက္ကသိုလ် အစရှိသည့် တက္ကသိုလ်ပေါင်းစုံမှ ကျောင်းသားလှုပ်ရှားမှု ခေါင်းဆောင်များ စုဝေးမိလာကြတော့သည်။ အဓိက တုံ့ပြန်လိုသည်မှာ လုံထိန်းတပ်ဖွဲ့များ မတော်မတရား ပြုလုပ်ခဲ့သည့်အတွက် အရေးယူ ဖော်ထုတ်ပေးရန် ရည်ရွယ်ချက်ဖြင့် ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်လာခဲ့တော့သည်။ တက္ကသိုလ်နယ်မြေတစ်ခုလုံးတွင် လက်ကမ်းစာစောင်များ၊ ကဗျာများ၊ သရုပ်ဖော်ပုံများဖြင့် လုံထိန်းတပ်ဖွဲ့၏ အဓမ္မကျင့်မှုများ၊ ရိုက်နှက်သတ်ဖြတ်မှုများ အချုပ်ကားအတွင်း မွန်းကျပ်ပိတ်လှောင်ကာ သေဆုံးခဲ့ရသော ကျောင်းသူ ကျောင်းသားများ၏ အဖြစ်သနစ်စုံကို ရေးသားဖြန့်ဝေမှု၊ ပြန်လည်ပြောပြမှုများ ပေါ်ပေါက်လာပြီးနောက် ကျောင်းသားထုအတွင်း ပြင်ပသို့ထွက်၍ ဆန္ဒပြမည့် အစီအစဉ်များ ပေါ်ပေါက်လာပါတော့သည်။

ထိုသို့ ဖြစ်လာရခြင်းမှာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ လွှတ်တော်အစည်းအဝေးကြီး ကျင်းပနေသောအခါကာလ ဖြစ်သဖြင့် လမ်းပေါ်သို့ ထွက်၍ ဆန္ဒပြပါမှ အများပြည်သူနှင့်တကွ အားလုံး သဘောပေါက် သိမြင်မည်ကို တွက်ဆမိသောကြောင့် ဖြစ်ပါသည်။ ထိုအချိန်ကာလအထိ ကျောင်းသားလှုပ်ရှားမှုများအတွင်းသို့ မိဘပြည်သူလူထု ဝင်ရောက်လာခြင်း မရှိသေးချေ။ မတ်လတွင် ပေါ်ပေါက်ခဲ့သော ကိုဖုန်းမော်တို့ ကျဆုံးမှု၊ ထိုကျဆုံးမှုကို အရေးယူပေးပါရန် တောင်းဆိုကြသည့် တံတားနီ အရေးအခင်း၊ ထိုအရေးအခင်းကို ဖြိုခွင်းခဲ့ရာမှ ဆက်လက်ပေါ်ပေါက်လာသော ၁၉၈၈ ခုနှစ်၊ ဇွန်လ အရေးအခင်း အစပိုင်းကာလများအထိ ပြည်သူလူထုသည် အခြေအနေကို စောင့်ကြည့်အကဲခတ်နေဆဲပင် ဖြစ်သည်။ တစ်နည်းဆိုရပါလျှင် ဇွန်လအတွင်း ဖြစ်ပေါ်လာသော ကျောင်းသားထုနှင့် လုံထိန်းတို့၏ ပဋိပက္ခအသွင်သာ ဖြစ်ပြီး ပြည်သူလူထုသည် ကျောင်းသားထုအတွင်း ဖြစ်ပေါ်နေသော ဖြစ်ရပ်မှန်များကို သနားကရုဏာဖြစ်ခြင်း၊ စာနာနားလည်ခြင်းမှတစ်ပါး လုံထိန်းများနှင့် ပတ်သက်၍ ဝင်ရောက်စွက်ဖက်လိုခြင်း မရှိသေးချေ။

mgyoe.com

မတ်လတွင် ဖြစ်ပွားခဲ့သော အရေးအခင်း၌ အချုပ်ကားထဲတွင် မွန်းကျပ်၍ ကျောင်းသားကျောင်းသူပေါင်း ၄၀ ကျော် သေဆုံးရမှုကြီးအား မယုံကြည်နိုင်အောင် ဖြစ်ကြရသော်ငြား ကျောင်းသားထုနှင့် လုံထိန်းတို့၏ ပြဿနာရပ်အဖြစ်သာ ဆက်လက်ဖြစ်ပေါ်လာခဲ့သည်။

၁၉၈၈၊ ဇွန် ၂၁

ဤနေ့ ဤရက်သည်ကား မဆလအစိုးရအတွက် ပြည်ပျက်မည့်နေ့ အဖြစ် သမိုင်းမှတ်တမ်းတင်ကျန်စေမည့် နေ့ရက် ဖြစ်ပါတော့သည်။

တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားထုကြီးသည် လုံထိန်း တပ်ဖွဲ့များအား မကျေနပ်သဖြင့် နေရာပေါင်းစုံသို့ ဖြန့်ကြက်၍ ဆန္ဒပြခြင်း၊ စာရွက်စာတမ်းများ ဝေငှခြင်း၊ လူစုလူဝေးများကြားတွင် ရုတ်တရက် ပေါ်ပေါက် လာပြီး ဆန္ဒပြပြီးသည်နှင့် ကိုယ်ယောင်ဖျောက်ခြင်း၊ လမ်းဘေးဝဲယာတစ်လျှောက် တွင် စာကပ်ခြင်းများ ပြုလုပ်လာခဲ့ကြသည်။ တစ်စစဖြင့် ကျောင်းသားထု၏ လှုပ်ရှားမှုများ အများပြည်သူကြားသို့ စိမ့်ဝင်ပျံ့နှံ့လာချိန် ရောက်သောအခါ ၁၉၈၈ ဇွန်လ ၂၁ ရက်နေ့တွင် တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားထု ကြီးသည် ပြည်လမ်းမအတိုင်း ချီတက်ဆန္ဒပြပါတော့သည်။

ထိုနေ့ရက်မတိုင်မီအတွင်း တက္ကသိုလ်ကျောင်းသားထုက လှုံ့ဆော်မှု များ၊ လက်ကမ်းစာစောင်များ၊ နံရံကပ်စာစောင်များကြောင့် ရန်ကုန်မြို့ပေါ်ရှိ အထက်တန်းကျောင်းများအတွင်း လုံထိန်းတပ်ဖွဲ့တို့၏ အဓမ္မမှုများ၊ ရိုက်နှက် ဖမ်းဆီးမှုများ၊ လက်ဝတ်လက်စားများ လုယက်ယူဆောင်မှုများ၊ အချုပ်ကား အတွင်း မွန်းကျပ်ကာ သေဆုံးသွားရသော ကျောင်းသူ ကျောင်းသား ၄၀ ကျော်တို့၏ ဖြစ်ရပ်များကို သိရှိလာကြရပြီး အထက်တန်းကျောင်းသားများ အတွင်း မကျေနပ်မှုတို့ ဖြစ်ပေါ်လာကြတော့သည်။ ရန်ကုန်မြို့လယ်တစ်ဝိုက်ရှိ ကျောင်းများဆီမှ အထက်တန်းကျောင်းသားများကိုယ်တိုင် မျက်နှာ၌ ပဝါစည်း ကာ လုံထိန်းတပ်ဖွဲ့များအား ဆန့်ကျင်ဆန္ဒပြမှုများ၊ စာရွက်စာတမ်း ကမ်းလှမ်း ဝေငှမှုများ ဖြစ်ပေါ်လာခဲ့သည်။

လုံထိန်းတပ်ဖွဲ့နှင့် အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့များသည် သတင်း ကြားရာ နေရာဌာနအသီးသီးသို့ လိုက်လံဖမ်းဆီးသော်ငြား ပါးနပ်သော ကျောင်းသား

mgyoe.com

များ၏ လှုပ်ရှားမှုများကို ဖမ်းဆီးနိုင်ခြင်း မရှိပါချေ။ ဤသို့ဖြင့် ရက်သတ္တပတ်ကျော်ကာလအတွင်း လုံထိန်းနှင့် ဆန္ဒပြသူများ၏ အပြန်အလှန် လှုပ်ရှားမှုများသည် ရန်ကုန်မြို့တော်အတွင်း ဖြစ်ပေါ်လျက် ရှိတော့သည်။ လုံထိန်းတပ်ဖွဲ့များနှင့် ပက်ပင်းတိုးမိသော အထက်တန်းကျောင်းသားတို့သည်လည်း မျက်ရည်ယိုဗုံးများ၏ ဒဏ်ကို ခံကြရသည်။ ကစဉ့်ကလျား ပြေးလွှားပုန်းရှောင်ကြရသည်။ ရန်ကုန်မြို့လယ်မှ မိဘပြည်သူများမှာ စိုးရိမ်သောက မကင်းစွာဖြင့် ကစဥ့်ကလျား ထွက်ပြေးလာကြသော ကျောင်းသားများအား ပုန်းခိုခွင့်ပေးခြင်း၊ ကာကွယ်ပေးခြင်းများ ပြုလုပ်လာကြတော့သည်။ သူတို့ရှေ့မှာပင် လက်နက်ကိုင်ဆောင်၍ ကင်းလှည့်နေသော စစ်သားများ၊ အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့များ၊ လုံထိန်းများကို တွေ့နေရပြီး၊ မျက်ရည်ယိုဗုံးများ၊ နံပါတ်တုတ်များကိုင်ဆောင်အသုံးပြုနေသည်ကို လက်တွေ့ မြင်လိုက်ရသဖြင့် တက္ကသိုလ်ကျောင်းသားထုကြီး မခံမရပ်နိုင် ဖြစ်ရသည့်ကိစ္စများမှာ အမှန်ပါလားဟု မျက်ဝါးထင်ထင်သိမြင်လာကြတော့သည်။

ဤသို့ဖြင့် အထက်တန်းကျောင်းသားများ၊ အရပ်နေ ပြည်သူများ စိတ်ပါဝင်စားလာသော ဆန္ဒပြမှုများသည် ၁၉၈၈ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့တွင် ပူပေါင်းမိကြပါတော့သည်။

တက္ကသိုလ်ကျောင်းပေါင်းစုံမှ ကျောင်းသားထုကြီးသည် ပြည်လမ်းမကြီးအတိုင်း ချီတက်လာကြသည်။ ထိုအချိန်မှာပင် စမ်းချောင်းမြို့နယ်ဘက်မှ အထက်တန်းကျောင်းသားများ ကျောင်းဆင်းချိန် ဖြစ်၍ ကျောင်းပေါင်းစုံမှ အထက်တန်းကျောင်းသားများပါ ချီတက်လာသော တက္ကသိုလ်ကျောင်းသားထုကြီးနှင့် ပူးပေါင်းမိပါတော့သည်။ ထိုပူပေါင်းမိသော ကျောင်းသားထုကြီးသည် ကြွေးကြော်သံများ သံပြိုင်ဟစ်ကြွေးလျက် ဟံသာဝတီအဝိုင်းဆီမှ ဆက်၍ ချီတက်ကြပါသည်။

ထိုချီတက်ဆန္ဒပြမှုကို နှိမ်နင်းရန်အတွက် သတင်းရရှိသော လုံထိန်းတပ်ဖွဲ့သည် မြေနီကုန်းဘက်မှ စတင်၍ ပြင်ဆင်ပါတော့သည်။ ကားများကို အိပ်ဇောပိုက်ဖြုတ်၍ ချီတက်လာသော လူအုပ်အတွင်းသို့ မောင်းဝင်ကာ မီးခိုးမှိုင်းတိုက်၍ ဖြိုခွင်းပါသည်။ တံတားနီအရေးအခင်း၌လည်း ဤနည်းလမ်းကို အသုံးပြုခဲ့ကြပါသည်။ လုံထိန်းတပ်ဖွဲ့များသည် ဖြစ်ပေါ်ခဲ့သော ကျောင်းသား

mgyoe.com

mgyoe.com

ဆန္ဒပြမှုများအား ဖြိုခွင်းလေတိုင်း လွယ်လင့်တကူ အသာရလေ့ရှိသည့်အတွက် ယခု ဆန္ဒပြမှုကိုလည်း ဝင်ရောက်ဖြိုခွင်းပါတော့သည်။ ယခင်ကာလများတွင် လုံထိန်းတပ်ဖွဲ့ မြင်သည်နှင့် ဆန္ဒပြသူများ ကိုယ်ယောင်ဖျောက်ခြင်း၊ ကစဉ့်ကလျား ထွက်ပြေးခြင်းများ ကြုံတွေ့နေကျမို့ အထူးတလည် အပန်းမကြီးဟု ယူဆကာ ဝင်ရောက်ဖြိုခွင်းရန် ကြိုးပမ်းပါတော့သည်။

သို့ရာတွင် ယခု ကြုံတွေ့ရသော ဆန္ဒပြမှုသည် တက္ကသိုလ်ကျောင်းသားများနှင့်တကွ အထက်တန်းကျောင်းသားများပါ ပါဝင်သော ကျောင်းသားထုကြီး ဖြစ်နေသည်ကို မထင်မှတ်ဘဲ ကြုံတွေ့လိုက်ရတော့သည်။ ထင်မှတ်ထားသည်ထက် အင်အားများပြားနေသော ကျောင်းသားထုကြီး ဖြစ်နေသည်ကို သိရှိရချိန်တွင် ရပ်ကြည့်နေသော မြေနီကုန်းတစ်ဝိုက်မှ မိဘပြည်သူများသည် လုံထိန်းတပ်ဖွဲ့များအား စက်ဆုပ်မုန်းတီးစွာဖြင့် ဝိုင်းဝန်းဆန့်ကျင်ပါတော့သည်။ ဤဖြစ်ရပ်သည်ကား ကြိုတင်ပြင်ဆင်ထားခြင်း မရှိသော ဖြစ်ရပ်မျိုးပင်။ တိုင်းပြည်၏ ကံကြမ္မာအား တစ်မုဟုတ်ချင်း ပြောင်းလဲနိုင်စွမ်းရှိသော မျက်လှည့်ဆန်သည့် သမိုင်းဝင်ဖြစ်ရပ်သာဟု ကောက်ချက်ချနိုင်သလို၊ လုံထိန်းတပ်ဖွဲ့များ၏ မတရားနှိပ်စက်မှုများအပေါ် ကျောင်းသားနှင့်ပြည်သူတို့ ရုတ်တရက် ပူးပေါင်းကာ တွန်းလှန် ဖြိုခွင်းလိုက်ခြင်းလည်း ဖြစ်ပါသည်။

ဆန္ဒပြနေသော ကျောင်းသားထုအတွင်းသို့ အိပ်ဇောပိုက် ဖြုတ်ထားသော ကားများဖြင့် ဝင်ရောက်ကာ မီးခိုးမှိုင်းတိုက်ကြသော လုံထိန်းတပ်ဖွဲ့များသည် ရပ်ကြည့်နေသော ပြည်သူများကို သတိမေ့လျော့သွားခဲ့သည်။ မြေနီကုန်းကြက်တန်းတစ်လျှောက်မှ ပြည်သူများသည် လုံထိန်းတပ်ဖွဲ့များအား ခဲများ၊ တုတ်များဖြင့် ပစ်ခတ်လာကြပြီး လူစုလူဝေးအဖြစ် ပြောင်းလဲကာ ဆန့်ကျင်တိုက်ခိုက်ကြတော့သည်။ ထိုနေရာတစ်ဝိုက်တွင် အသင့်ရှိနေသော ဒေါ်လာလက်ဖက်ရည်ဆိုင်ရှေ့မှ အုတ်နီခဲများ၊ တစ်ဖက်ရှိ ဘုရားရှိခိုးကျောင်း ပြုပြင်ရန် စုပုံထားသော အုတ်နီခဲများသည် တိုက်ခိုက်နေသော လူအုပ်ကြီးအတွက် ရရာလက်နက် ဖြစ်သွားပါတော့သည်။ အနီးစပ်ဆုံးနေရာမှ ရရှိလာသော လောက်လေးခွများ၊ တုတ်များ၊ သံတုတ်များသည်လည်း လူအုပ်ကြီးလက်သို့ ရောက်ရှိသွားကြတော့သည်။ လူအုပ်ကြီးသည် တစ်ဦးစ နှစ်ဦးစ ပစ်ခတ်တိုက်ခိုက်နေရာမှ တိုးဝင်လာသော လုံထိန်းကားတစ်စီးကြောင့် လူအုပ်ကြီးတစ်အုပ်စုလုံး သတိအနေအထား ပြင်ဆင်ပြီး ဖြစ်သွားပါတော့သည်။ လက်ထဲ၌ ကိုင်ဆောင်

mgyoe.com

m g y o e . c o m

SAMPLE BOOK


ထားသော အုတ်နီခဲများကို နောက်တွင် ဝှက်၍ အကဲခတ်နေကြပြီး လုံထိန်းကား လူအုပ်ဆီသို့ တိုးဝင်လာချိန်တွင် 'ပစ်' ဟူသော တစ်ခဲနက် အော်သံကြီး ပေါ်လာချိန်၌ တစ်ပြိုင်နက် ပစ်ခတ်လိုက်သော အုတ်နီခဲပုံများသည် လမ်းမ အလယ်သို့ တိုးဝင်လာသော လုံထိန်းကားဆီသို့ တိုက်ရိုက်ထိမှန်ရင်း ချက်ချင်း ပင် အုတ်နီခဲပုံအလား ပြောင်းလဲသွားပါတော့သည်။

ထိုဖြစ်ရပ်တွင် အစိုးရဘက်မှ သတင်းထုတ်ပြန်ရာတွင် ရဲသား ၆ ယောက်သေဆုံးကြောင်း သိရပြီး၊ အဆိုပါအကြမ်းဖက်မှုအား အရေးယူရန် ဆက်လက်ဆောင်ရွက်နေကြောင်း ထုတ်လွှင့်သွားခဲ့သည်။ လုံထိန်းတပ်ဖွဲ့များ၏ ရိုက်နှက်မှုကြောင့် ကျောင်းသားနှင့်အရပ်သားတချို့ ထိခိုက်ဒဏ်ရာရကြပြီး တချို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်ဌာနသို့ ပို့ဆောင်ခဲ့ကြပါသည်။

ထိုဖြစ်ရပ်နှင့်အလားတူ ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှာ ရန်ကုန်ပြည်သူ့ ဆေးရုံကြီး အရေးပေါ်ကုသဆောင်ရှေ့တွင် ဖြစ်ပွားခဲ့သော ဆေးတက္ကသိုလ် ကျောင်းသားထုနှင့် လုံထိန်းတပ်ဖွဲ့တို့၏ ထိပ်တိုက်ရင်ဆိုင်မှုပင် ဖြစ်သည်။ ဆန္ဒပြမှုများသည် တက္ကသိုလ်ပေါင်းစုံသို့ ဖြန့်ကြက် ကျယ်ပြန့်သွားသည့် အလျောက် တက္ကသိုလ်အသီးသီးမှ ဆန္ဒပြသူများ ရန်ကုန်မြို့တော် နေရာအနှံ့ အပြားတွင် ပေါ်ပေါက်လျက်ရှိသည်။ လုံထိန်းတပ်ဖွဲ့များသည် သတင်းကြားရာ သို့ လူစုခွဲ၍ သွားရောက်နှိမ်နင်းရသောကြောင့် လုံထိန်းအင်အားမှာ ပြန့်ကျဲလျက် ရှိတော့သည်။ ထို့ကြောင့်ပင် ဆေးတက္ကသိုလ် ကျောင်းသားထု၏ ချီတက်ဆန္ဒပြ မှုတွင် ပက်ပင်းတိုးခဲ့သော လုံထိန်းတပ်ဖွဲ့၏ ကားများ မီးရှို့ဖျက်ဆီးခံလိုက် ရတော့သည်။

မြေနီကုန်းအရေးအခင်းကို အစပြု၍ နှစ်ဖက် အပြန်အလှန် တိုက်ခိုက် မှုများကြောင့် ထိခိုက်ဒဏ်ရာရသူပေါင်း တစ်ရာနီးပါး၊ သေဆုံးသူ ၈၀ နီးပါး ရှိလိမ့်မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

ထိုအရေးအခင်းကို အစိုးရမှ အကြမ်းဖက် ဆူပူသောင်းကျန်းမှုအဖြစ် ထုတ်ပြန်ကြေညာပြီး ရန်ကုန်မြို့အား မာရှယ်လော အမိန့်ထုတ်၍ တက္ကသိုလ် ကျောင်းများ ပိတ်လိုက်ပါတော့သည်။

အစိုးရဘက်မှ မည်သို့ ကြေညာချက်ထုတ်သည် ဖြစ်စေ၊ မည်သို့ ဝါဒဖြန့်သည်ဖြစ်စေ ခွပ်ဒေါင်းတို့၏ မဟုတ်မခံ ထုတ်ဖော်ကြွေးကြော်မှုကြီး သည် ပြည်သူများနှင့် တစ်သားတည်း ဖြစ်ကာ၊ ကြီးမားသော တော်လှန်ရေး

m g y o e . c o m

ကြီး၏ အဓိက အရှိန်အဝါအဖြစ် စတင်ပေါင်းစည်းမိခဲ့သည်ကား အမှန်ပင် ဖြစ်ပါတော့သည်။

*ကိုးကား- မန္တလေးမှ ကိုပေါက်နှင့် ၈၈ ကျောင်းသား ကိုဖြိုးမင်းသိန်း၊ ကိုဝင်းတင့်ထွန်းတို့ တွေ့ဆုံမေးမြန်းမှုမှ/ ၂၀၁၁၊ ဇွန် ၂၁)*

## အထက်တန်းကျောင်းသားများ၏ လှုပ်ရှားမှုများ

ကျောင်းသားထုနှင့် ပြည်သူများ ပူးပေါင်း၍ လုံထိန်းတပ်ဖွဲ့နှင့် အဓိကရုဏ်း နှိမ်နင်းရေးတပ်ဖွဲ့များ၊ ရဲတပ်သားများကို ချေမှုန်းနိုင်ခဲ့သည် ဆိုသော သတင်းနှင့် ဖြစ်ရပ်များသည် မြန်မာတစ်နိုင်ငံလုံးရှိ ကောလိပ်ကျောင်းပေါင်းစုံ၊ အထက်တန်းကျောင်းပေါင်းစုံသို့ ပျံ့နှံ့သွားတော့သည်။ အထူးသဖြင့် မြေနီကုန်း အရေးအခင်းတွင် အရပ်သားများ မခံမရပ်နိုင် ဖြစ်ကာ လုံထိန်းတပ်ဖွဲ့များကို နှိမ်နင်းလိုက်သည့် သတင်းသည် မြန်မာတစ်နိုင်ငံလုံးရှိ ရဟန်းရှင်လူ ပြည်သူများ၏ အသည်းဖဟိုတွင် ရဲရင့်သော စိတ်ဓာတ်ခွန်အားများ စီးဝင်စေခဲ့တော့သည်။ ထို့ကြောင့်ပင် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ကောလိပ်များ၊ တက္ကသိုလ်များ၊ အထက်တန်းကျောင်းများဆီတွင် အစိုးရအား ဆန့်ကျင်သည့် စာရွက်စာတမ်းများ ဝေငှခြင်း၊ လိုက်လံကပ်ခြင်း၊ ဆွေးနွေးခြင်းများ ဖြစ်ပေါ်လာခဲ့သည်။

အထက်တန်းကျောင်းများတွင် တာဝန်ထမ်းဆောင်နေကြသော ကျောင်းဆရာ၊ ဆရာမများသည်ကား မမေ့နိုင်သော ဦးသန့် အရေးအခင်းနှင့် သွေးချင်းချင်းနီခဲ့သော (7 July) ဆီမှ ဆင်းသက်လာသော ဆရာ၊ ဆရာမများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ ဖြစ်ကြသည်။ ထို့ကြောင့်ပင်လျှင် အထက်တန်းကျောင်းအများစုဆီမှ ပေါ်ထွက်လာသော ကျောင်းသားတို့၏ ဆန္ဒပြမှု၊ စာရွက်ဝေငှမှု၊ မျက်နှာပဝါစည်းကာ အစိုးရ ဆန့်ကျင်ရေးလှုပ်ရှားမှုများအား မသိကျိုးကျွန်ပြုထားကြတော့သည်။

တက္ကသိုလ်ကျောင်းများမှ ပင်မခေါင်းဆောင်များသည် အထက်တန်းကျောင်းသားများဆီသို့ လုပ်နည်းလုပ်ဟန်များ ပေးပို့ကာ အဓိကအားဖြင့် ကိုယ်ယောင်ဖျောက် လှုပ်ရှားမှုများကို အားပေးတိုက်တွန်းခဲ့ကြသည်။ ထိုအချိန်မှာပင် အစိုးရ၏ ဝန်ထမ်းထုအတွင်း အစိုးရအပေါ် မကျေနပ်မှုများ စတင်၍ ပေါ်ထွက်လာပါတော့သည်။

mgyoe.com

ရန်ကုန်တက္ကသိုလ်နှင့် ကောလိပ်များမှ အတွေ့အကြုံ ရှိပြီးသော ကျောင်းသားအင်အားစုများသည် နယ်ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိချိန်၌ မိမိတို့၏ အတွေ့အကြုံများကို လက်ဆင့်ကမ်းကြသဖြင့် အစိုးရဆန့်ကျင်ရေး အရှိန်အဝါသည် တစ်တိုင်းပြည်လုံး အတိုင်းအတာထိ ကျယ်ပြန့်သွားပါတော့သည်။ ရဟန်းသံဃာတော်များသည်လည်း အစိုးရဆန့်ကျင်ရေးတွင် ပြည်သူများနှင့် ပူးပေါင်းပါဝင်လာကြတော့သည်။

ဤသည်ကား ၁၉၈၈ အရေးအခင်းကြီးက ပမာဏအပျိုးသာ ဖြစ်ပါတော့သည်။

❑

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

# အပိုင်း–၁

## ၁၉၈၈၊ ရှစ်လေးလုံး အရေးအခင်း

(၈–၈–၁၉၈၈–ခုနှစ်) ကို ဝိသေသပြု၍ ပေါ်ပေါက်ခဲ့သော ရှစ်လေးလုံး အရေးအခင်းကြီးသည် ရှေ့တွင် ပြဆိုခဲ့သော ကျောင်းသား လှုပ်ရှားမှုသမိုင်း မိုင်တိုင်များကို ဖြတ်သန်းပြီး ဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

မြေနီကုန်းအရေးအခင်း ဖြစ်ပွားပြီးနောက် ရန်ကုန်မြို့ပေါ်ရှိ ရပ်ကွက် အသီးသီးမှ ပြည်သူများသည် အစိုးရဆန့်ကျင်ရေးအတွက် ကျောင်းသားထုများ နှင့် ပူးပေါင်းကာ ဟစ်ကြွေးဆန္ဒပြလာကြသည်။ ၂၆ နှစ်တာကာလပတ်လုံး ငုပ်လျှိုးပျောက်ကွယ်နေသော ဒီမိုကရေစီ တောင်းဆိုသံသည် တစ်ဖန် ပြန်၍ နိုးကြားရှင်သန်လာပါတော့သည်။

အာဏာပိုင်အဖွဲ့အစည်းများသည် အရပ်သားနှင့် ကျောင်းသားထုများ ပူးပေါင်းမိသွားချိန်အထိ စောင့်ကြည့် နေကြသည်။ ရဟန်းသံဃာတော်များပါ အမြောက်အမြား ပါဝင်လာချိန်တွင် စိုးရိမ်ထိတ်လန့်လာကြတော့သည်။ ဒီမိုကရေစီ ရရှိရေးဟူသည့် ကြွေးကြော်သံကို ဥပက္ခာပြု၍ မရတော့ပေ။

mgyoe.com

mgyoe.com SAMPLE BOOK

လူထုအုံကြွမှု၏ ဒီရေသည် တစ်နေ့တခြား ဆက်၍ တက်လာခဲ့တော့သည်။ ဦးနေဝင်း အစိုးရသည် ဗုဒ္ဓဘာသာနှင့် မာ့က်ဝါဒီတို့ကို ပေါင်းစပ်၍ မြန်မာ့နည်းမြန်မာ့ဟန် ဆိုရှယ်လစ်လူ့ဘောင်ကြီးကို တည်ထောင်ခဲ့ပြီး လမ်းစဉ်ပါတီခရီးရှည်ကြီးကို ၂၆ နှစ်တာ ချီတက်ခဲ့ကြခြင်း၏ ရလဒ်ကို ကောင်းစွာ သဘောပေါက်ကြလေပြီ။ သို့ရာတွင် ခေါင်းမာသော အစိုးရအဖြစ် ဆက်လက် ရပ်တည်နေဆဲပင်။

လူထုအုံကြွမှုသည် တစ်နေ့တခြား တိုးပွားလာခဲ့တော့သည်။ နေ့စဉ်နှင့်အမျှ ဆန္ဒပြမှုများ၊ စီတန်းလှည့်လည်မှုများ ပေါ်ပေါက်နေပြီး 'ဒီမိုကရေစီ ရရှိရေး'၊ 'မဆလ အလိုမရှိ'၊ 'တစ်ပါတီ အာဏာရှင်စနစ် ကျဆုံးပါစေ' စသည့် ကြွေးကြော် ဟစ်ကြွေးသံများ မရပ်မနား ပေါ်ထွက်နေသည်။ ထိုအုံကြွမှုများဆီသို့ ရန်ကုန်မြို့ပေါ်ရှိ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ တစ်စစ ပါဝင်လာကြသည်။

စီတန်းလှည့်လည်လာကြသော ဆန္ဒပြသူများသည် မြို့နယ်အသီးသီးမှ စုဝေးလာကြပြီး လမ်းဆုံလမ်းခွများ၌ ပေါင်းစည်းမိကြကာ သိန်းဖြင့်ချီသော လူတန်းကြီးအဖြစ် ရန်ကုန်မြို့တော်အတွင်း လှည့်လည်ဆန္ဒပြကြတော့သည်။

ရဟန်းသံဃာတော်များ၊ သီလရှင်အစုအဖွဲ့များ၊ မီးသတ် တပ်ဖွဲ့များ၊ ဈေးသည် အစုအဖွဲ့များ၊ အိမ်ရှင်မများ အစုအဖွဲ့များပါ ပါဝင်လာကြပြီးနောက် ဌာနဆိုင်ရာ ဝန်ထမ်းများကိုယ်တိုင် ဆိုင်းဘုတ်များ တပ်ဆင်၍ မည်သည့်ဌာနမှ ဖြစ်ကြောင်း ကိုယ်ထင်ပြ၍ စီတန်းလှည့်လည်လာကြသည်။

တိုင်းနှင့်ပြည်နယ် အသီးသီးတွင်လည်း အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ၊ စီတန်းလှည့်လည်မှုများ ဖြစ်ပေါ်လာသည်။ တစ်တိုင်းပြည်လုံး အတိုင်းအတာအဖြစ် သတ်မှတ်ကာ အုံကြွခဲ့သော နေ့ရက်သည် (၈-၈-၁၉၈၈) ရက်နေ့ပင် ဖြစ်တော့သည်။

အစိုးရ၏ အုပ်ချုပ်ရေးယန္တရား ပြိုကွဲရပြီးသည့်နောက် မဆလပါတီ၏ အရေးပေါ်ညီလာခံကို ခေါ်ယူရသည်အထိ အောင်မြင်ခဲ့သော ရှစ်လေးလုံး လူထုအုံကြွမှုသည် မဆလပါတီအား အမြစ်ဖြုတ် တွန်းလှန်လိုက်သည့် လူထု စွမ်းပကား ဆိုသည်ကို ငြင်းဆန်၍မရပါချေ။

ရပ်ကွက်အသီးသီးတွင် သပိတ်မှောက်အဖွဲ့အစည်းများ ပေါ်ပေါက်လာပြီး ရပ်ကွက်လုံခြုံရေးအတွက် အစုအဖွဲ့များ ဖွဲ့စည်းကာ နေ့စဉ်နှင့်အမျှ

mgyoe.com